THEIKDI WIN
MICROSOFT OFFICE EXCEL 2010
003001
RM 17.00

Microsoft® Office®

# Excel 2010

AUNG MYINT ( M.E., AUSTRALIA )

Office 2010

Chapter 1

# GETTING STARTED

Microsoft Excel 2010

Microsoft Office Excel ဆိုတာ workbook တွေကို create ၊ format လုပ်ပြီး data တွေကို analyze လုပ်နိုင်တဲ့ spreadsheet program ပါပဲ။ စင်စစ် Excel ဟာ business application မှာပဲ ကန့်သတ် အသုံးပြုတာမဟုတ်ပဲ scientific နဲ့ mathematical application တွေ ၊ optimization problem တွေကိုလည်း ဖြေရှင်းနိုင်တဲ့ powerful tool တစ်ခုပါပဲ။ Excel 2007 ကိုဖွင့်ရင် program window ရဲ့ အပေါ်ဘယ်ဘက် ထောင့်နေရာ မှာပေါ်နေတဲ့ Microsoft Office button ကို Excel 2010 မှာ File tab နဲ့ အစားထိုးပြောင်းလဲ ထားပါတယ်။ workbook management task တွေဟာ Excel 2007 တုန်းက ribbon tab တွေထဲမှာ နေရာအနှံ့ တစ်ကွဲတစ်ပြား ဖြစ်နေပေမယ့် Excel 2010 မှာ File tab ထဲက Backstage view ထဲမှာ စုစည်းပေးထားတယ်လေ။ Excel 2010 မှာအသစ်ပါလာတဲ့ Paste Preview ဟာ သမရိုးကျ paste လုပ်နည်းထက်အဆင့်မြင့်ပါတယ်။ sparkline လို့ခေါ်တဲ့ cell တစ်ခုတည်းမှာ chart အသေးလေး ထည့်ပေးတဲ့နည်းလည်းပါပါတယ်။ PivotTable data တွေကို Slicer အသုံးပြုပြီး filter လုပ်နည်းကလည်း အသစ်ပါ။ နောက် feature တစ်ခုက Math Equation editor ဖြစ်ပါတယ်။ workbook မှာရတဲ့အဖြေကို math equation တွေနဲ့တွဲပြီးရှင်းပြချင်ရင် အသုံးဝင်ပါတယ်။ math editor ထဲမှာ အလွယ်တကူယူသုံးနိုင်တဲ့ built-in common equation တွေပါသလို custom equation တွေရေး နိုင်အောင် math symbol အများအပြားကို ထည့်ပေးထားပါတယ်။ ဒါတွေဟာ Excel 2010 ရဲ့ ထူးခြားချက်တွေပါပဲ။

# ၁.၁ Starting Office Excel 2010

## ▶ Create a New Workbook

workbook ဆိုတာ worksheet တွေအများကြီးနဲ့ ပေါင်းထားတဲ့ Excel ဖိုင်တစ်ခုပါ။ workbook တစ်ခုကို create လုပ်ချင်ရင် blank workbook သို့မဟုတ် existing template တစ်ခုကိုအခြေခံပြီး create လုပ်လို့ရပါတယ်။ ကောင်းပြီ ၊ All Programs →Microsoft Office →Microsoft Excel 2010 ကို click လုပ်ပါမယ်။ ဒါမှမဟုတ် Start menu မှာ Excel 2010 shortcut ကို pin လုပ်ထားရင် အဲဒါကို click လုပ်ပြီးဖွင့်ပါ။ ပုံ (၁. ၁) မှာပြထားတဲ့အတိုင်း File tab→New→Blank Workbook→Create ကို click လုပ်ရင် Book2 နာမည်နဲ့ blank workbook တစ်ခုထပ်ပေါ်လာပါမယ်။ တစ်ကယ်တော့ Excel ကို start လုပ်တာနဲ့ Book1 နာမည်နဲ့ empty workbook တစ်ခုက တန်းပေါ်နေပါပြီ။




ပုံ (၁. ၁)

▶ existing template တစ်ခုကို base လုပ်ပြီး workbook ကို create လုပ်ချင်ရင် ပုံ (၁. ၁) မှာမြင်နေရတဲ့ Available Templates အောက်က Sample templates ကို click လုပ်ပါ။ template တွေပွင့်လာရင် အဲဒီထဲက Time Card template ကို select လုပ်ပြီး Create ကို click လုပ်ပါမယ်။ ဒါဆိုရင် ပုံ (၁. ၂) မှာပြထားတဲ့အတိုင်း Time Card1 နာမည်နဲ့ new workbook ပေါ်လာမှာပါ။ ဖိုင်နာမည်အသစ်တစ်ခု ပေးပြီး save အရင်လုပ်ပါ။ နောက်ပြီးမှ ကိုယ်လိုတာကိုပြင်ယူပေါ့။




ပုံ (၁. ၂)

▶ တစ်ကယ်လို့ existing template တစ်ခုကို download လုပ်ယူချင်ရင် Available Templates အောက်က Office.com ထဲက Invoice that calculates total ကို click လုပ်ပါ။ Office.com နဲ့ link ဖြစ်သွားပြီး ပုံ (၁. ၃) မှာပြထားတဲ့အတိုင်း ပေါ်လာရင် Download ကို click လုပ်ပါမယ်။ ဒါဆိုရင် new workbook တစ်ခုကို create လုပ်ဖို့ base လုပ်လို့ရတဲ့ template တစ်ခုကိုရပါပြီ။ ဖိုင်နာမည်အသစ်နဲ့ save အရင် လုပ်ပြီး နောက်မှ ကိုယ်လိုတာကို ပြင်ယူရင်ရပါတယ်။




ပုံ (၁. ၃)

# ၁.၂ The Improved Ribbon

## ▶ Accessing Commands in Ribbon

ribbon ကို Microsoft Excel 2007 မှာကတည်းက စတင်အသုံးပြုခဲ့တာပါ။ Excel 2010 မှာ Microsoft Office button ကို File tab နဲ့ အစားထိုးထားပါတယ်။ File tab ကို click လုပ်ရင် Backstage view ပေါ်လာမှာပါ။ new ဖိုင်တွေကို create လုပ်မယ် ၊ existing ဖိုင်တွေကိုဖွင့်မယ် ၊ save ၊ send ၊ protect ၊ preview ၊ print လုပ်ချင်ရင် Backstage ကနေလုပ်လို့ရပါတယ်။ Ins_and_Outs task တွေကို တစ်နေရာတည်းမှာ စုစည်းထားလိုက်တာပါ။ Excel ribbon ရဲ့ အဓိကအစိတ်ပိုင်းက tabs ပါပဲ။ related command တွေကို အုပ်စုဖွဲ့ပြီး tab တစ်ခုချင်းစီမှာထည့်ထားပေးပြီး command အားလုံးလောက်ကို buttons ၊ check box ၊ command group ၊ dialog launcher ၊ drop-down list ၊ Gallery အစရှိတဲ့ control တွေအသုံးပြုပြီး access လုပ်လို့ရပါတယ်။ ပုံ (၁. ၄) ကိုကြည့်ပါ။ ribbon ပေါ်က button အများစုဟာ formatting button တွေကလွဲရင် text descriptive ဖြစ်ကြပါတယ်။ mouse pointer ကို button ပေါ်မှာထားပေးရင် စာညွှန်းတွေပေါ်လာမှာပါ။




ပုံ (၁. ၄)

- ribbon ပေါ်မှာရှိတဲ့ tab တိုင်းဟာ related command တွေကို group တစ်ခုစီအနေနဲ့ စုစည်းထားတာပါ။ ဥပမာ font နဲ့ဆိုင်တဲ့ command တွေကိုအသုံးပြုချင်ရင် Home tab→Fonts group ထဲမှာ ရှာရှုပါ။ Command group က ညာဘက်အောက်ခြေနားမှာရှိတဲ့ dialog launcher မြှားလေးကို click လုပ်ရင် သက်ဆိုင်ရာ dialog box တစ်ခု ပွင့်လာမှာပါ။ predefined layout တွေကို gallery လို့ခေါ်ပါတယ်။ contextual tab ဆိုတာ chart ၊ shape ၊ table ၊ picture ဆိုတဲ့ object တစ်ခုခုကို select ၊ insert လုပ်ရင် ribbon မှာ ထပ်ပေါ်လာတဲ့ tab မျိုးကိုဆိုလိုပါတယ်။ ဥပမာ worksheet မှာ chart တစ်ခုကို insert လုပ်ရင် Chart Styles group အထက်မှာ tab (4) ခုတောင် ပေါ်နေပါပြီ။ ပုံ (၁.၅) ကိုကြည့်ပါ။




ပုံ (၁.၅)

## ▶ Hiding the Ribbon Commands

worksheet မှာ ribbon command တွေကို hide လုပ်ချင်ရင် CTRL+F1 ကိုနှိပ်ပါ။ ribbon အစား menu bar အနေနဲ့ပေါ်လာပါမယ်။ ပုံ (၁.၆) ကိုကြည့်ပါ။ အခုနေ Home tab ကို click လုပ်ရင် ribbon ပြန်ပေါ်လာပါမယ်။ ribbon ရဲ့ပြင်ပတစ်နေရာမှာ click လုပ်ရင် ribbon က hide ပြန်ဖြစ်သွားပါပြီ။




ပုံ (၁.၆)

## ▶ The Quick Access Toolbar

Quick Access toolbar က File tab ၊ Home tab အပေါ်မှာရှိပါတယ်။ မကြာမကြာသုံးရတဲ့ အမိန့်တွေကို အလွယ်တကူနဲ့ access လုပ်နိုင်အောင် သူ့ထဲမှာထည့်ပေးထားတာပါ။ default command သုံးခုဖြစ်တဲ့ Save ၊ Undo နဲ့ Redo ကိုပဲထည့်ထားပေးပါတယ်။ Quick Access toolbar မှာ command တစ်ခု ဥပမာ Quick Print command ကိုထည့်ပေးချင်ရင် dropdown menu ဖွင့်ပြီး Quick Print ကို click လုပ်ရပါမယ်။ ပုံ (၁. ၇) ကိုကြည့်ပါ။ Quick Access toolbar မှာအခုလို Print icon 🖶 ပေါ်လာပါမယ်။ ကိုယ်လိုချင်တဲ့ command ကို dropdown menu မှာမတွေ့ဘူးဆိုရင် အဲဒီ command ရှိတဲ့ ribbon tab ကိုနှိပ်ပြီး command ကို right-click လုပ်ရပါမယ်။ menu ပေါ်လာရင် Add to Quick Access Toolbar ကို click လုပ်ပါ။ Quick Access toolbar ကို customize လုပ်ချင်ရင် File tab→Options ကို click လုပ်ပါ။ Excel Options dialog box ပေါ်လာရင် Quick Access Toolbar ကိုနှိပ်ပြီး ဆက်လုပ်သွားရင်ရပါတယ်။ ribbon command တွေကို hide လုပ်ထားပြီး Quick Access toolbar နဲ့ပဲ အလုပ်လုပ်ချင်ရင် toolbar ကို right-click လုပ်ပြီး menu က Show Quick Access Toolbar Below the Ribbon ကို click အရင်လုပ်ပါ။ နောက်ပြီး CTRL+F1 ကိုနှိပ်ပါမယ်။




ပုံ (၁. ၇)

# ၁.၃ Creating a Custom Tab

## ▶ Add an Own Tab in the Ribbon

Quick Access toolbar ကို customize လုပ်ပြီး ribbon မှာထည့်တာကို တင်ပြပြီးပါပြီ။ Excel 2007 မှာလည်း အဲဒီလိုပဲ Quick Access toolbar ကို customize လုပ်လို့ရပါတယ်။ ဒါပေမယ့် custom tab ကိုတော့ ထည့်မပေးနိုင်ပါဘူး။ Excel 2010 ကျမှ ribbon မှာ custom tab ကိုထည့်နိုင်တာပါ။ ဘယ်လိုထည့်မလဲဆိုရင် File tab→Options ကို click လုပ်ပြီး Excel Options dialog ပေါ်လာရင် Customize Ribbon ကို click လုပ်ပါ။ နောက်ပြီး Choose commands from အောက်မှာ All Commands ကို select လုပ်ထားပေးပြီး New Tab ကို click လုပ်ရပါမယ်။ ပုံ (၁. ၈) ကိုကြည့်ပါ။




ပုံ (၁. ၈)

▶ New Tab (Custom) နဲ့ New Group (Custom) ပေါ်လာရင် Rename button ကိုနှိပ်ပြီး My Tab နဲ့ My Tools လို့ နာမည်ပြောင်းပေးပါမယ်။ ပြီးတော့ရင်All Commands အောက်ကကြိုက်ရာ command တွေကို Add button သုံးပြီး ညာဘက်ခြမ်းကိုပို့ပေးပါ။ OK ကို click လုပ်ပါမယ်။ ဒါဆိုရင် ribbon မှာ My Tab နဲ့ My Tools group ကို ပုံ (၁.၉) မှာပြထားတဲ့အတိုင်းမြင်ရမှာပါ။




ပုံ (၁.၉)

# ၁.၄ Working with Worksheets

## ▶ Add Sheets to a Workbook

Excel 2010 ကို start လုပ်လိုက်လို့ blank workbook တစ်ခုပေါ်လာရင် default အနေနဲ့ worksheet (3) ခုပဲပါပါတယ်။ File tab→Options ကို click လုပ်ပြီး ExcelOptions dialog box ပေါ်လာရင် General→When creating new workbooks အောက်က Include this many sheets box မှာ 5 ကိုပြောင်းထားပြီး OK ကို click လုပ်ပါ။ ပုံ (၁. ၁၀) ကိုကြည့်ပါ။ ဒါဆိုရင် new workbook အသစ်တစ်ခုကို create လုပ်တိုင်း default sheet အရေအတွက်က (5) ခုဖြစ်နေပါလိမ့်မယ်။ default sheet name တွေဟာလည်း tab တွေမှာ Sheet1 ကနေ Sheet5 အထိ ရေးပြီးသားဖြစ်နေမှာပါ။




ပုံ (၁. ၁၀)

## ▸ Move or Copy Sheets

workbook ထဲက sheet တွေကို move/copy မလုပ်ခင် select လုပ်နည်းကို သိထားရပါမယ်။ sheet တစ်ခုကို select လုပ်ချင်ရင် sheet tab ကို click လုပ်ပါ။ လိုချင်တဲ့ tab ကိုမတွေ့ရင် tab scrolling button တွေကို click လုပ်ပြီးရှာကြည့်ပါ။ adjacent sheet တွေကို select လုပ်ချင်ရင် ပထမဆုံး sheet tab ကို click လုပ်ပြီး Shift key နှိပ်ထားရင်း နောက်ဆုံး sheet tab ကို click လုပ်ပါ။ select လုပ်ရမယ့် sheet တွေ တစ်ခုနဲ့တစ်ခုကပ်ရက်မဟုတ်ရင် ပထမဆုံး sheet tab ကို click လုပ်ပြီး Ctrl key နှိပ်ထားရင်း တစ်ခြား sheet tab တွေကို click လုပ်သွားရပါမယ်။ workbook ထဲက sheet အားလုံးကို select လုပ်ချင်ရင် sheet tab တစ်ခုကို right-click လုပ်ပြီး shortcut menu ပေါ်လာတဲ့အခါ Select All Sheets ကို click လုပ်ပါ။ workbook ထဲက sheet တွေကို နေရာချင်းဖလှယ်ချင်ရင် ဥပမာ Sheet1 ကို select လုပ်ပြီး Sheet3 tab နောက်ကို drag ဆွဲကြည့်ပါ။ drag ဆွဲနေစဉ်မှာ စာရွက်နဲ့မြားပုံလေးရယ် ၊ Sheet3 tab ပေါ်မှာ တြိဂံအမည်းလေးတစ်ခု ပေါ်နေပါမယ်။ ပုံ (၁. ၁၁) အပေါ်ပုံကိုကြည့်ပါ။ drag ဆွဲပြီးသွားရင် mouse release လုပ်ပေးတာနဲ့ Sheet1 tab ဟာ Sheet3 နောက်ကို ရောက်သွားပါပြီ။




ပုံ (၁. ၁၁)

## ▸ Rename a Sheet

ဒီတစ်ခါ ပုံ (၁. ၁၁) မှာပြထားတဲ့ Sheet1 tab ကို rename လုပ်ကြည့်ရအောင်။ Sheet1 tab ကို right-click လုပ်ပြီး contextual menu ပေါ်လာရင် Rename ကို click လုပ်ပါ။ My Sheet ကိုရိုက်ထည့်ပါ။

ဒါဆိုရင် Sheet1 ကနေ My Sheet နာမည်ကိုပြောင်းသွားပါပြီ။ My Sheet ကို new book ထဲ copy ကူးထည့်ပေးချင်ရင် right-click လုပ်ပြီး contextual menu ကနေ Move or Copy ကို click လုပ်ပါ။ Move or Copy dialog box ပေါ်လာရင် My Sheet ကို select လုပ်ပြီး To book: list box က (new book) ကို choose လုပ်ပါ။ My Sheet ကို copy ကူးချင်တဲ့အတွက် Create a copy check box ကို check လုပ်ထားဖို့ မမေ့ပါနဲ့။ ပုံ (၁.၁၂) ကိုကြည့်ပါ။ OK ကို click လုပ်ပါမယ်။ ဒါဆိုရင် Book2 ဟာ အလိုလို create လုပ်ပြီးသွားပြီး သူ့ထဲမှာ My Sheet ကော်ပီတစ်ခု ရောက်နေပါပြီ။ Book1 workbook ထဲမှာလည်း My Sheet က ဆက်ရှိနေပါသေးတယ်။




ပုံ (၁.၁၂)

## ▶ Insert a New Sheet

ပုံ (၁. ၁၁) က workbook မှာ default sheet အရေအတွက်ကို (5) ခုလို့ပြင်ထားပြီးတော့ Sheet4 နဲ့ Sheet5 ကို delete လုပ်ခဲ့ပါတယ်။ Sheet1 ကိုနေရာရွှေ့ပြီး My Sheet လို့ rename လုပ်ခဲ့တာပါ။ အခုနေ new worksheet တစ်ခုကို add လုပ်ချင်ရင် နောက်ဆုံး My Sheet tab ရဲ့နောက်က Insert Worksheet button ကို click လုပ်ပါ။ SHIFT+F11 ကို နှိပ်ရင်လည်းရပါတယ်။ ပုံ (၁. ၁၃) ကိုကြည့်ပါ။ new worksheet ဟာ Sheet6 နာမည်နဲ့ active sheet အဖြစ် တိုးလာမှာပါ။




ပုံ (၁. ၁၃)

## ▶ Coloring a Worksheet Tab

Sheet6 tab ကို အရောင်တစ်ခုနဲ့ခြယ်ပေးချင်ရင် ပုံ (၁. ၁၄) မှာပြထားတဲ့အတိုင်း tab ကို right-click လုပ်ပြီး contextual menu ပေါ်လာတဲ့အခါ Tab ColorColor picker ကနေ ကြိုက်တဲ့အရောင်တစ်ခု ဥပမာ အပြာနုရောင်ကို pick လုပ်တာနဲ့ Sheet6 tab ဟာ အပြာရောင်ဖြစ်သွားမှာပါ။




ပုံ (၁. ၁၄)

## ▶ Change the Color of Gridlines in a Workbook

worksheet တွေမှာမြင်နေရတဲ့ gridline တွေအတွက် default color ကို Automatic လို့ သတ်မှတ်ပေးထားပါတယ်။ ဒါပေမယ့် အရောင်ပြောင်းပေးချင်ရင် ပြောင်းလို့ရပါတယ်။ ကောင်းပြီ ၊ ပုံ (၁. ၁၄) က Sheet6 ကို select လုပ်ထားပြီး File tab→Options ကို click လုပ်ပါ။ Excel Options dialog box ပေါ်လာရင် Advanced category ကို click လုပ်ပြီး Display options for this worksheet အောက်က Show gridlines check box ကို check လုပ်ပါမယ်။ ပြီးတော့ရင် ပုံ (၁. ၁၅) မှာပြထားတဲ့အတိုင်း Gridline color box ထဲက အနီရောင်ကို pick လုပ်ပြီး OK ကို click လုပ်ရင် Sheet6 က gridlineline တွေဟာ အနီရောင်ဖြစ်သွားပါပြီ။ gridline တွေကို ထင်ထင်ရှားရှားပေါ်စေချင်ရင် Home tab→Font group→ Borders→All Borders ကို click လုပ်ကြည့်ပါ။ ပိုပေါ်လွင်လာပါလိမ့်မယ်။




ပုံ (၁. ၁၅)

## Change the Default Font

Excel worksheet တွေအတွက် အသုံးပြုတဲ့ default font က Body font (11 pt) ပါ။ worksheet မှာ data ထည့်ရင် Calibri font (11 pt) လို့ display လုပ်ပြပါတယ်။ အဲဒီ default font ကို ပြောင်းပေးချင်ရင် Excel Options dialog box ထဲက General category ကို click လုပ်ပြီး When creating new workbooks အောက်က Use this font box မှာ Arial ကို choose လုပ်ပြီး Font size: 11 နဲ့ Include this many sheets: 5 ကို enter လုပ်ပါ။ နောက်ပြီး OK ကို click လုပ်ပါမယ်။ ပုံ (၁. ၁၆) ကိုကြည့်ပါ။ font change တာကို အတည်ဖြစ်ဖို့အတွက် Excel ကို restart ပြန်လုပ်ရပါမယ်။




ပုံ (၁. ၁၆)

# ၁.၅ Viewing Worksheets

## ▶ View Two Parts of a Document Simultaneously

worksheet တစ်ခုကို view နှစ်မျိုးနဲ့ မြင်ကြည့်ချင်ရင် pane နှစ်ခုထားပေးလို့ရပါတယ်။ အဲဒီလိုလုပ်ဖို့အတွက် ပုံ (၁. ၁၇) မှာပြထားတဲ့အတိုင်း vertical scrollbar အပေါ်ဆုံးက split box ကို point လုပ်ပြီး pointer က အခုလို ⇕ ဖြစ်သွားရင် split box ကို အောက်ဘက် drag ဆွဲချပါ။ ဒါဆိုရင် horizontal pane နှစ်ခုပေါ်လာပါပြီ။ reset ပြန်ဖြစ်ချင်ရင် pane တွေကိုခြားထားတဲ့ split box ကို double-click လုပ်ပါ။




ပုံ (၁. ၁၇)

## ▶ View Two Worksheets in the Same Workbook Side by Side

workbook တစ်ခုထဲက worksheet နှစ်ခုကို ဘေးချင်းယှဉ်ပြီးကြည့်ချင်ရင် View tab→Window group →New Window ကို click လုပ်ပါ။ နောက်ပြီး View Side by Side ကို click လုပ်ရင် worksheet နှစ်ခု ဘေးချင်းယှဉ်ပြီးပေါ်လာပါမယ်။ ဒါဆိုရင် compare လုပ်ချင်တဲ့ worksheet တွေကို click လုပ်ရုံပါပဲ။ ပုံ (၁. ၁၈) ကိုကြည့်ပါ။




ပုံ (၁. ၁၈)

# View Two Worksheets of Different Workbooks Side by Side

workbook နှစ်ခုက worksheet နှစ်ခုကို ဘေးချင်းယှဉ်ပြီး နှိုင်းယှဉ်ကြည့်ချင်ရင် View tab→Window group→View Side by Side ကို click လုပ်ရင် worksheet နှစ်ခု ဘေးချင်းယှဉ်ပြီးပေါ်လာပါမယ်။ ဒါဆိုရင် compare လုပ်ချင်တဲ့ worksheet tab တွေကို click လုပ်ရုံပါပဲ။ Synchronous Scrolling ကို select လုပ်ထားရင် scroll လုပ်တိုင်း worksheet နှစ်ခုလုံးက ပြိုင်ရွှေ့နေမှာပါ။ ပုံ (၁.၁၉) ကိုကြည့်ပါ။




ပုံ (၁.၁၉)

# ၁.၆ Paste Preview Feature

## ▶ Paste or Paste Values

Excel 2010 မှာ new feature အဖြစ်ပါလာတဲ့ Paste Preview ဟာ normal Paste နည်းထက် ပိုစုံပါတယ်။ ပုံ (၁. ၂၀) က Worksheet က cell range B2:D7 ကို select လုပ်ပြီး Home tab→Clipboard group→Copy ကိုနှိပ်ရင် cell range ပတ်လည်မှာ marquee တစ်ခုပေါ်လာပါမယ်။ ဒီတစ်ခါ cell A9 မှာ click ချပြီး Paste က down-arrow ကို နှိပ်ရင် Paste options menu ပေါ်လာမှာပါ။ အဲဒီကနေ Paste values [123] ကို click လုပ်ရင် cell format တွေမပါပဲ value သက်သက်ကိုပဲ paste လုပ်ပေးမှာပါ။ number formatting လဲမပါလို့ $ sign လည်းပျောက်တယ်။ original formatting လည်းပျောက်သွားပြီ။




ပုံ (၁. ၂၀)

## ▶ Transpose Paste Values

ဒါပေမယ့် Values & number formatting ကို click လုပ်ရင် $ sign ပြန်ပေါ်လာမှာပါ။ Values & source formatting လုပ်ရင်တော့ မူရင်းအတိုင်း normal paste ကိုရပါမယ်။ နောက်တစ်နည်းက Transpose paste option ကို select လုပ်ရင် row နဲ့ column value တွေနေရာလဲသွားတာကို တွေ့ရပါလိမ့်မယ်။ ပုံ (၁. ၂၁) ကိုကြည့်ပါ။




ပုံ (၁. ၂၁)

▶ ribbon က Paste option တွေကိုမသုံးပဲ ရိုးရိုး copy-paste နည်းကိုသုံးချင်ရင် cell range B2:D7 ကို Select-Copy လုပ်ပြီး cell A9 မှာ Select-Paste လုပ်ပါ။ selection border ရဲ့ ညာဘက်အောက်ခြေနားမှာ Paste options ပေါ်လာပါမယ်။ Ctrl ကို click လုပ်ရင် Paste options menu ပေါ်လာမှာပါ။ အဲဒီကနေကြိုက်တဲ့ paste နည်းကိုသုံးလို့ရပါတယ်။ ပုံ (၁. ၂၂) ကိုကြည့်ပါ။ တစ်ကယ်လို့ Paste options icon မပေါ်ဘူးဆိုရင် File tab→Options→Advanced→Cut, copy, and paste အောက်က Show Paste Options button when content is pasted box ကို check လုပ်ပေးပြီး OK ကို click လုပ်ပါ။


Home
Paste
Clipboard
Calibri
11
Font
Alignment
General
Number
Styles
A9
Region
Region Month Sales
East Jan $ 54,000
West Feb $ 46,000
East Mar $ 76,000
North Jan $ 85,000
West Feb $ 49,000
South Mar $ 21,000
Region Month Sales
East Jan 54000
West Feb 46000
East Mar 76000
North Jan 85000
West Feb 49000
South Mar 21000
(Ctrl)
Paste
Paste Values
Values (V)

ပုံ (၁၀.၂၂)

Office 2010

Chapter 2

Microsoft Excel 2010

# WORKING WITH DATA

အခန်း(၁) မှာ စာရေးသူတင်ပြခဲ့တာက built-in template တစ်ခုကိုရှာပြီး new workbook တစ်ခုကို create လုပ်ပြီး save လုပ်တာပါ။ အခုဆက်လုပ်မှာက worksheet မှာ data သွင်းမယ်။ format data လုပ်မယ်လေ။ worksheet က cell တစ်ခုမှာ number သို့မဟုတ် text တစ်ခုကို enter လုပ်ရင် cell name က Name box မှာပေါ်နေပါမယ်။ data က Formula bar မှာပေါ်မှာပါ။ Enter နှိပ်ရင် selection ဟာ အောက်ဘက်က cell ဆီဆင်းသွားမှာပါပဲ။ Tab key နှိပ်ရင် ညာဘက်က cell ဆီ ပြောင်းသွားပါမယ်။ cell တစ်ခုတည်းထဲမှာပဲ data ကို new line မှာ စစေချင်ရင် Alt+Enter ကိုတွဲနှိပ်ပါ။ Tab အတွက် direction ပြောင်းလို့မရပေမယ့် Enter အတွက် ပြောင်းလို့ရပါတယ်။ ပြောင်းတဲ့နည်းက File tab→Excel Options ကို click လုပ်ပြီး Excel Options window ပေါ်လာရင် Advanced tab ကိုနှိပ်ပါမယ်။ Editing options ထဲက After pressing Enter, move selection check box ကို select လုပ်ပါ။ Direction box က downarrow လေးကို နှိပ်ပြီး ကြိုက်တဲ့ direction တစ်ခုကို choose လုပ်ရုံပါပဲ။ ပုံ (၂.၁) ကိုကြည့်ပါ။




ပုံ (၂.၁)

# ၂.၁ Enter Data Manually

## ▶ Enter Text or a Number in a Cell

worksheet က cell တစ်ခု သို့မဟုတ် cell တွေအများကြီးမှာ number ၊ text ၊ date နဲ့ time data တွေကို manual ထည့်မယ်ဆိုရင် နည်းအမျိုးမျိုးနဲ့ enter ၊ format လုပ်လို့ရပါတယ်။ text ၊ number တစ်ခုကိုထည့်ပေးချင်ရင် worksheet က cell ကို click လုပ်ပြီး ဒီတိုင်းရိုက်ထည့်သွားရုံပါပဲ။ နောက်ပြီး Enter နှိပ်ပေါ့။ cell တစ်ခုထဲမှာပဲ data ကို new line မှာ enter လုပ်ချင်ရင် Alt+Enter key ကိုနှိပ်ပါ။ fixed decimal number တစ်ခုကို enter လုပ်ချင်ရင် File tab→Options ကို click လုပ်ပြီး Excel Options dialog ပေါ်လာရင် Advanced ကို click လုပ်ပါ။ နောက်ပြီး Editing options အောက်က Automati-

cally insert a decimal point check box ကို select လုပ်ပါ။ Places box မှာ 3 ကို enter လုပ်ပြီး cell ထဲမှာ 2834 ကိုရိုက်ထည့်ရင် 2.834 လို့ပေါ်ပါမယ်။ Places box မှာ -3 ကို enter လုပ်ထားရင် 2834000 လို့ပေါ်မှာပါ။ Fixed decimal option ကို ယာယီ override လုပ်ပေးချင်ရင် number ကို enter လုပ်ပြီး decimal point တစ်ခုကို ရိုက်ထည့်ပေးပါ။ 2834. ကိုရိုက်ထည့်ရင် 2834 လို့ပဲပေါ်ပါမယ်။ ပုံ (၂. ၂) ကိုကြည့်ပါ။ check box ကို clear လုပ်ပြီး OK ကို click လုပ်ပါ။




ပုံ (၂. ၂)

## ▶ Enter a Date or a Time in a Cell

worksheet cell တစ်ခုမှာ date တစ်ခုကို enter လုပ်ချင်ရင် slash mark (/) သို့မဟုတ် hypen (-) နဲ့ date part တွေကိုခြားထားပေးပြီး ဥပမာ အခုလို 10/25/2010 သို့မဟုတ် 25-Oct-2010 လိုရေးရမှာပါ။

12-hour clock ကိုအခြေခံပြီး time ကို enter လုပ်ချင်ရင် time ကို space ခံပြီး a သို့မဟုတ် p ကို နောက်မှာရေးပေးပါ။ current date ပေါ်စေချင်ရင် Ctrl+; ကိုနှိပ်ရပါမယ်။ current time ပေါ်စေချင်ရင် Ctrl+Shift+; ကိုနှိပ်ပါ။ ဒါဆိုရင် အခုလိုမျိုး 8/2/2010 9:47 PM ပေါ်လာမှာပါ။ နောက်တစ်နည်းက cell မှာ =TODAY() ကို enter လုပ်ရင် 8/2/2010 ဆိုတဲ့ current date ပေါ်လာပါမယ်။ =NOW() ကို enter လုပ်ရင် current date နဲ့ time ကို အခုလို 8/2/2010 21:47 တွဲပြီးပေါ်လာပါပြီ။

## ▶ Change the Format of a Number

worksheet တစ်ခုက cell B2 မှာ 12345 ဂဏန်းရိုက်ထည့်ရင် cell ထဲမှာ 12345 ပေါ်သလို formula bar မှာလည်း အဲဒီဂဏန်းပဲပေါ်မှာပါ။ Home tab→Number group→Dialog box launcher→ Number tab ကိုနှိပ်ပြီး Category: Number ကို select လုပ်ပါမယ်။ Sample ဟာ 12345.00 ဖြစ်နေမှာပါ။ အဲဒါ default number format ဖြစ်ပါတယ်။ Use 1000 Separator (,) ကို check လုပ်ပြီး OK ကို click လုပ်ရင် cell B2 မှာ 12,345.00 လို့ပေါ်လာမှာပါ။ formula bar မှာပြနေတဲ့ဂဏန်းက မပြောင်းပါဘူး။ ပုံ (၂.၃) ကိုကြည့်ပါ။ ဒီနည်းနဲ့ decimal places ရယ် ၊ 1000 separator ကိုထည့်ပေးလို့ရပါတယ်။




ပုံ (၂.၃)

- number တစ်ခုကို အလွယ်တကူနဲ့ default format ဖြစ်အောင်ပြောင်းပေးချင်ရင် Home tab→Number group ထဲက Number down-arrow လေးကိုနှိပ်ပြီး dropdown menu ကနေ format အမျိုးမျိုးကို select လုပ်လို့ရပါတယ်။ အခုနေ Number format ကို click လုပ်ရင် cell B2 မှာ 12345.00 ပေါ်လာမှာပါ။ ပုံ (၂. ၄) ကိုကြည့်ပါ။ ထိုနည်းတူ Currency ကိုနှိပ်ရင် cell B2 မှာ $12,345.00 လို့ပေါ်လာပါမယ်။ တစ်ခြား default format တွေကိုလည်း စမ်းသပ်ကြည့်ပါဦး။ format ကို အသေးစိတ်ပြင်ချင်ရင် Format Cells dialog box ထဲမှာပြင်ပါ။




ပုံ (၂. ၄)

## ► Custom Format

cell တစ်ခုတည်းမှာ text နဲ့ number တွေကို တစ်ပြိုင်တည်း display လုပ်စေချင်ရင် custom format ကို create လုပ်ရမှာပါ။ text character တွေမှန်းသိအောင် double quotation marks (" ") တွေနဲ့ ပိတ်ထားပေးရပါမယ်။ ကောင်းပြီ ၊ custom format ကို $0.00 "Surplus";$-0.00 "Shortage" လို့ create လုပ်ပြီး 123.456 နဲ့ -123.456 ဂဏန်းနှစ်ခုကို အဲဒီ custom format နဲ့ apply လုပ်ရင် **$123.46 Surplus** နဲ့ **$-123.46 Shortage** လို့ cell တွေမှာပေါ်နေပါပြီ။ decimal point တွေပါတဲ့ number ၊ fraction တွေကို format လုပ်ချင်ရင် digit placeholder တွေအတွက် 0 နဲ့ # တို့ကို အသုံးပြုပါ။ 0 ကိုအသုံးပြုရင် display မှာ 0 တွေပေါ်ပြပေးပါတယ်။ 0 တစ်လုံးတည်းရိုက်တောင် format မှာပါတဲ့ 0 တွေအကုန်လုံးကို display လုပ်ပြမှာပါ။ # placeholder ကိုအသုံးပြုရင် မလိုအပ်တဲ့ 0 တွေကို Excel ကဖြုတ်ချပေးပါတယ်။ ? placeholder ကိုအသုံးပြုရင် decimal point ရဲ့ရှေ့နောက်မှာ အရေးမပါတဲ့ 0 တွေကို ထပ်ထည့်ပေးပြီး decimal point တွေကို align လုပ်ပေးမှာပါ။ ပုံ (၂. ၅) ကိုကြည့်ပါ။

| Custom format | | When you type | | Excel will display this |
|---|---|---|---|---|
| ##.## | | 1234.568 | | 1234.57 |
| | | 0.1035 | | 0.1 |
| | | | | |
| #.0# | | 1234.567 | | 1234.57 |
| | | 12 | | 12 |
| | | | | |
| ???.??? | | 44.398 | | 44.398 |
| | | 102.65 | | 102.65 |
| | | 2.8 | | 2.8 |
| | | | | |
| # ???/??? | | 5.25 | | 5 1/4 |
| | | 5.3 | | 5 3/10 |

ပုံ (၂. ၅)

► Excel ကနေ display လုပ်ပြတဲ့ဂဏန်းတစ်ခုမှာ comma ( , ) ပါစေချင်ရင် custom format မှာ ( , ) ထည့်ပေးရပါမယ်။ ကွင်းမပါတဲ့ comma မျိုးတွေကို အသုံးပြုမယ်ဆိုရင် မူလဂဏန်းကို 1000 နဲ့စားပြီးသား ဖြစ်တဲ့ ဂဏန်းကိုပဲ display လုပ်ပြမှာပါ။ comma ကိုနှစ်ခါဆင့်ရေးမယ်ဆိုရင် $10^6$ နဲ့စားထားတဲ့ဂဏန်းကိုပဲ display လုပ်ပြပါလိမ့်မယ်။ ပုံ (၂. ၆) ကိုကြည့်ပါ။

| Custom format | When you type | Excel will display this |
|---|---|---|
| #,###.00 | 1234.568 | 1,234.57 |
| | 1234 | 1,234.00 |
| #, | 123456 | 123 |
| | 1234 | 1 |
| #,, | 12345678 | 12 |
| 0.00,, | 123400000 | 123.40 |

ပုံ (၂.၆)

- underscore ( _ ) နဲ့ minus ( - ) တို့ဟာ character တွေကို align လုပ်ဖို့အတွက် အသုံးပြုပါတယ်။ underscore ကို format မှာ ထည့်ထားမယ်ဆိုရင် သူ့နောက်က character တစ်ခုကို skip လုပ်ပါတယ်။ minus sign ပါရင်တော့ အနှုတ်လက္ခဏာတစ်ခုကိုထည့်ပေးမှာပါ။ ပုံ (၂.၇) ကိုကြည့်ပါ။

| Custom format | When you type | Excel will display this |
|---|---|---|
| 000-00-0000 | 123456789 | 123-45-6789 |
| 00_000 | 12345 | 123 45 |
| 0000_000 | 12345 | 0123 45 |
| X=0.0 | 1234.5678 | X=1234.6 |
| X=-0.0 | 1234.5678 | X=-1234.6 |
| "ACCT NO." 0000 | 678 | ACCT NO. 0678 |
| | 3457 | ACCT NO. 3457 |
| "DONE" | 1235 | DONE |
| "FINISHED" | 4567 | FINISHED |

ပုံ (၂.၇)

- custom date/time format တွေ create လုပ်နည်းကို ပုံ (၂.၈) မှာ ဖေါ်ပြထားပါတယ်၊ လေ့လာကြည့်ပါ။ display မှာ အရောင်နဲ့ပြစေချင်ရင် square bracket [ ] ထဲမှာ လိုချင်တဲ့ color name ကို ရိုက်ထည့်ပေးပါ။ အရောင်တွေက Black ၊ Blue ၊ Cyan ၊ Green ၊ Magenta ၊ Red ၊ White ၊ Yellow အပါအဝင် အစုံ သုံးလို့ရပါတယ်။ ဥပမာ [BLUE] format ကိုအသုံးပြုမယ်ဆိုရင် Excel က အပြာရောင် color နဲ့ display လုပ်ပြမှာပါ။ data entry ကို hide လုပ်ထားချင်ရင် custom format မှာ semicolon ;;; သုံးခုကို အသုံးပြုရပါမယ်။ cell content ကိုကြည့်ချင်ရင် double-click လုပ်ကြည့်ပါ။

| Custom format | When you type | Excel will display this |
|---|---|---|
| m | 4/5/2010 21:30 | 4 |
| mm | | 04 |
| mmm | | Apr |
| mmmm | | April |
| mmmmm | | A |
| | | |
| d | | 5 |
| dd | | 05 |
| ddd | | Mon |
| dddd | | Monday |
| | | |
| yy | | 10 |
| yyyy | | 2010 |
| mmmm d, yyyy | | April 5, 2010 |
| d mmm, yy | | 05-Apr-10 |
| yy/mm/dd | | 04/05/10 |
| [BLUE] d mmm, yy | | 5 Apr, 10 |
| | | |
| h:mm:ss A/P | | 9:30:00 P |
| h:mm AM/PM | | 9:30 PM |

ပုံ (၂.၈)

## ▶ Validating Data

worksheet က cell တစ်ခု သို့မဟုတ် cell range တွေမှာ user ကနေသတ်မှတ်ပေးတဲ့ data type ကိုပဲ လက်ခံစေချင်ရင် data validation လုပ်ပေးရပါမယ်။ ဥပမာ cell range A1:A10 မှာ 50 နဲ့ 200 တို့ထဲ ကဂဏန်းတွေပဲ enter လုပ်တာလက်ခံမယ် ၊ တစ်ခြားဂဏန်းတွေကိုထည့်ရင် error alert ဖြစ်သွားအောင် လုပ်ချင်ရင် cell range ကို select လုပ်ထားပြီး Data tab→Data Tools group→Data Validation ကို click လုပ်ပါ။ Data Validation dialog box ပွင့်လာရင် Settings tab ကိုနှိပ်ပါမယ်။ ပြီးတော့ရင် Validation criteria အောက်က Allow box မှာ Whole number ကို choose လုပ်ပါမယ်။ နောက်ပြီး Data box မှာ between ၊ Minimum: 50 နဲ့ Maximum: 200 ကို set လုပ်ပြီး OK ကို click လုပ်ပါ။ အခုနေ cell range A1:A10 ထဲမှာ ဂဏန်းတွေရိုက်ထည့်လို့ data မှားသွင်းမိရင် error message box ပေါ်လာပါမယ်။ ပုံ (၂.၉) ကိုကြည့်ပါ။ Retry button ကိုနှိပ်ပြီး data ပြန်ထည့်လို့ရပါတယ်။




ပုံ (၂.၉)



- worksheet မှာ data ထည့်တာနဲ့ input message box တစ်ခုပေါ်စေချင်ရင် Input Message tab ကိုနှိပ်ပြီး Enter a number between 50 and 200 ဟာကြောင်းကိုရိုက်ထည့်ပါ။ OK ကို click လုပ်ပါ။ ဒါဆိုရင် cell A1 မှာ data ထည့်တာနဲ့ Input message တစ်ခုပေါ်လာပါမယ်။ ပုံ (၂.၁၀) ကိုကြည့်ပါ။ တစ်ခြား Validation criteria တွေဖြစ်တဲ့ Date ၊ Decimal ၊ Text length ၊ Custom တို့ကိုလည်း အသုံးပြုလို့ရပါတယ်။ စာဖတ်သူကိုယ်တိုင် လက်တွေ့လုပ်ကြည့်ပါ။




ပုံ (၂.၁၀)

# ၂.၂ Fill Data Automatically in Worksheet Cells

## ▶ Drag the Fill Handle to Fill Data into Adjacent Cells

adjacent cell တွေမှာ data series အမျိုးမျိုးကို fill လုပ်ပေးချင်ရင် Fill handle ကို drag ဆွဲပြီး cell တွေမှာ ကော်ပီကူးထည့်ပေးရင်ရပါတယ်။ Fill handle ကို hide လုပ်ထားချင်ရင် Excel Options dialog box ထဲက Editing options အောက်မှာရှိတဲ့ Enable Fill handle and cell drag-and-drop box ကို deselect လုပ်ပေးပါ။ Auto Fill Options button ကို hide လုပ်ထားချင်ရင် Cut, copy, and paste အောက်က Show Paste Options buttons box ကို uncheck လုပ်ပေးရပါမယ်။ ကောင်းပြီ ၊ ပုံ (၂. ၁၁) က ဘယ်ဘက်ခြမ်းမှာပြထားတဲ့ cell A1 မှာ 123456 ကိုရေးထည့်ပြီး Fill handle ကို point လုပ်ရင် cursor ဟာ plus (+) ပုံကို ပြောင်းသွားပါပြီ။ Fill handle ကို fill လုပ်ချင်တဲ့ direction အတိုင်း cell A10 အထိ drag ဆွဲလိုက်ပါ။ fill လုပ်ချင်တဲ့ cell range ရပြီဆိုရင် mouse button ဖိထားတာကို release လုပ်တာနဲ့ cell range တစ်ခုလုံးမှာ copy တွေ အပြည့်ဝင်သွားပါပြီ။




ပုံ (၂. ၁၁)

- နောက်တစ်မျိုးက cell တစ်ခုမှာရေးထားတဲ့ data ကို cell range မှာ အစီအစဉ်အတိုင်း တိုးသွားခိုင်းမယ်၊ လျော့သွားခိုင်းချင်ရင် Excel default အတိုင်း လုပ်လို့ရပါတယ်။ ဒါမှမဟုတ် user choice အတိုင်း step value တွေအသုံးပြုပြီး fill series လုပ်လို့ရပါတယ်။ ကောင်းပြီ ၊ ပုံ (၂. ၁၂) က cell A1 ကို select လုပ်ပြီး Ctrl နှိပ်ထားရင်း Fill handle ကို cell A11 အထိ drag ဆွဲချပါ။ cell range ထဲက data တွေ တစ်ခုစီ တိုးသွားတာကို တွေ့ရပါမယ်။ တစ်ကယ်လို့ cell C11 မှာ 30 ကို enter လုပ်ပြီး Fill handle ကို အပေါ်ဘက် cell B1 နေရာဆီကို drag ဆွဲသွားမယ်ဆိုရင် 30 ကနေ 20 ရောက်တဲ့အထိ decrementing ဖြစ်သွားမှာပါ။ ဒါပေမယ့် cell A1 မှာ 100 ၊ cell A2 မှာ 110 ကို enter လုပ်ပြီး ဒီ cell နှစ်ခုကို A11 အထိ Ctrl နှိပ်မထားပဲ drag ဆွဲရင် default incrementing step က 10 ဖြစ်သွားတာကြောင့် 100 ၊ 110 ၊ 120 ၊ 130 ၊ 140 အစရှိတဲ့ data series တစ်ခုကိုရမှာပါ။




ပုံ (၂. ၁၂)

## More Examples of Series that You Can Fill

adjacent cell တွေမှာ fill series လုပ်ရင် selection ဟာ အလိုအလျောက် fill data ဖြစ်သွားတာကို ပုံ (၂. ၁၀) မှာ တင်ပြခဲ့ပါပြီ။ တစ်ကယ်တော့ series extension တွေက ပုံစံအမျိုးမျိုးရှိပါတယ်။ ပုံ (၂. ၁၃) မှာဖော်ပြထားတဲ့ table ကိုလေ့လာကြည့်ပါ။

| Initial Selection | Extended Series |
|---|---|
| 1, 2, 3 | 4, 5, 6,... |
| 9:00 | 10:00, 11:00, 12:00, ... |
| Mon | Tue, Wed, Thu, ... |
| Monday | Tuesday, Wednesday, Thursday, ... |
| Jan | Feb, Mar, Apr, ... |
| Jan, Apr | Jul, Oct, Jan, ... |
| 10-Jan,10-Apr | 10-Jul, 10-Oct, 10-Jan, ... |
| 2010, 2011 | 2012, 2013, ... |
| Qtr3 | Qtr4, Qtr1, Qtr2, ... |
| Q3 | Q4, Q1, Q2, Q3, ... |
| Quarter3 | Quarter4, Quarter1,... |
| text1, textA | text2, textA, text3, textA,... |
| 1st Period | 2nd Period, 3rd Period, ... |
| Product1 | Product2, Product3, ... |

ပုံ (၂. ၁၃)

## Using the Fill Command

စောစောကလုပ်ခဲ့တာတွေကိုပဲ Fill command အသုံးပြုပြီး လုပ်ချင်ရင် cell A1 မှာ 123456 ကို enter လုပ်ပြီး blank cell တွေကို cell A10 ထိရောက်အောင် drag ဆွဲချပါ။ ပြီးတော့ရင် Home tab→Editing group→Fill→Down ကို click လုပ်ပါမယ်။ ဒါဆိုရင် ပုံ (၂. ၉) ညာဘက်ခြမ်းကပုံအတိုင်းမြင်ရပါမယ်။ ဒီတစ်ခါ cell A1 မှာ 10 ကို enter လုပ်ပြီး blank cell တွေကို cell A10 ထိရောက်အောင် drag ဆွဲချပြီး Home tab→Editing group→Fill→Series ကို click လုပ်ပါမယ်။ Series dialog box ပေါ်လာတဲ့အခါ ပုံ (၂. ၁၄) မှာပြထားတဲ့အတိုင်း Step value: 10 နဲ့ Stop value: 100 ကိုထားပေးပြီး OK ကို click လုပ်ရင် 10 ကနေ 100 အထိကို Step value: 10 စီတိုးပြီး cell တွေမှာပေါ်လာမှာပါပဲ။




ပုံ (၂.၁၄)

## Fill Formulas into Adjacent Cells

cell A1 မှာ =SUM(D1+E1) formula ကို enter လုပ်ပြီး Fill handle ကို cell A7 ထိရောက်အောင် drag ဆွဲချသွားရင် တစ်ခြား cell တွေမှာ formula တွေ fill ဖြစ်သွားပါပြီ။ cell A2 အတွက်ဆိုရင် =SUM (D2+E2)၊ Cell A3 အတွက်ဆိုရင် =SUM(D3+E3) အစရှိသည်ဖြင့်ဖြစ်နေပါမယ်။ ပုံ (၂.၁၅) ကိုကြည့်ပါ။




ပုံ (၂.၁၅)

# ၂.၃ Drag-and-Drop Editing Cells

## ▶ Move or Copy Cells

worksheet တစ်ခုမှာ data တွေကိုရေးထည့်ပြီး data တွေ နေရာပြောင်းတိုင်း အသစ်ပြန်ရိုက်နေရတာမျိုး မဖြစ်အောင် အလွယ်တကူနဲ့ move ၊ copy လုပ်ပေးနိုင်ရမှာပါ။ cell တွေကို move လုပ်တဲ့အခါ အဓိက အားဖြင့် cut-and-paste နည်းကိုသုံးပါတယ်။ mouse အသုံးပြုပြီး move လုပ်ချင်တဲ့ cell range တစ်ခုရဲ့ selection border ကို drag ဆွဲပြီး လိုတဲ့နေရာမှာ drop လုပ်ရင် move ဖြစ်သွားတယ်လေ။ ဥပမာ cell range A1:E2 ကို row 8 ဆီရောက်အောင် move လုပ်မယ်ဆိုရင် cell တွေကို select လုပ်ပြီး pointer ကို selection border ပေါ်မှာတင်ပါ။ plus (+) sign ကနေ အခုလိုမြား ✥ ပုံကိုပြောင်းသွားရင် drag ဆွဲလို့ရပါပြီ။ row 10 ဆီ ရောက်တဲ့အထိ drag ဆွဲလာခဲ့ပါမယ်။ ပုံ (၂. ၁၆) ကိုကြည့်ပါ။



| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | 5 | 15 | 25 | 35 | 45 | |
| 2 | 10 | 30 | 50 | 70 | 90 | |
| 3 | 20 | 60 | 100 | 140 | 180 | |
| 4 | 40 | 120 | 200 | 280 | | |
| 5 | 80 | 240 | 400 | 560 | | |
| 6 | 160 | 480 | 800 | | | |
| 7 | 320 | 960 | | | | |
| 8 | 640 | | | | | |
| 9 | | | | | | |
| 10 | | | | | | |
| 11 | | | | | | A9:E10 |
| 12 | | | | | | |

ပုံ (၂. ၁၆)

▶ pointer က မြားပုံကို ပြောင်းမသွားဘူးဆိုရင် Excel Options window ကိုဖွင့်ပြီး Advanced→Editing options အောက် Enable fill handle and cell drag-and-drop box ကို check လုပ်ထားရပါမယ်။ row 10 ကိုရောက်တာနဲ့ mouse button ဖိထားတာကို release လုပ်ပါ။ ဒါဆိုရင် ပုံ (၂. ၁၇) မှာပြထားတဲ့အတိုင်း cell range A1:E2 ဟာ row 10 နေရာကို move လုပ်လာပါပြီ။ မူလ cell range နေရာမှာ blank ဖြစ်ကျန်ခဲ့ပါတယ်။ Ctrl key နှိပ်ထားပြီး cell range ကို move လုပ်ရင် copy ဖြစ်မှာပါ။



| | A | B | C | D | E |
|---|---|---|---|---|---|
| 1 | | | | | |
| 2 | | | | | |
| 3 | 20 | 60 | 100 | 140 | 180 |
| 4 | 40 | 120 | 200 | 280 | |
| 5 | 80 | 240 | 400 | 560 | |
| 6 | 160 | 480 | 800 | | |
| 7 | 320 | 960 | | | |
| 8 | 640 | | | | |
| 9 | 5 | 15 | 25 | 35 | 45 |
| 10 | 10 | 30 | 50 | 70 | 90 |
| 11 | | | | | |
| 12 | | | | | |

ပုံ (၂.၁၇)

## ▶ Move the Cell Contents with Commands

cell content တွေကို move လုပ်တဲ့အခါ drag-and-drop နည်းဟာ အသုံးပြုလို့လွယ်ကူပေမယ့် မတူတဲ့ worksheet နှစ်ခုကြားမှာ move လုပ်ချင်ရင် ဒီနည်းကသုံးလို့မရပါဘူး။ Excel command ၊ shortcut key တွေပဲအသုံးပြုရမှာပါ။ လုပ်နည်းက cell range ကို select လုပ်ပြီး Ctrl+X ကိုနှိပ်ပါ။ move လုပ်မယ့် ဧရိယာပတ်လည်မှာ rotating marquee တစ်ခုပေါ်လာရင် paste လုပ်မယ့် cell နေရာမှာ click လုပ်ပြီး Ctrl+V ကိုနှိပ်ရပါမယ်။

## ▶ Drag and Insert Cells

ပုံ (၂.၁၈) မှာမြင်နေရတဲ့ cell range A2:A6 ကို worksheet က တစ်ခြားနေရာမှာ ဥပမာ column C နဲ့ D ကြားမှာ insert လုပ်ချင်ရင် cell range A2:A6 ကို select လုပ်ပြီး mouse pointer ကို selection bar ပေါ်တင်လိုက်ပါ။ pointer shape က မြှားပုံကို ပြောင်းသွားတဲ့အခါ Shift key နှိပ်ထားရင်း border ကို columns C နဲ့ D ကြားကို drag ဆွဲလာပါမယ်။ ဒါဆိုရင် I beam အရှည်ကြီးတစ်ခု ပေါ်နေပါပြီ။ အဲဒါဆိုရင် mouse button နဲ့ Shift key ဖိထားတာကို release လုပ်ပေးပါမယ်။ column A ဟာ column C အစား နေရာယူသွားပါပြီ။




ပုံ (၂.၁၈)

## Insert the Blank Cells

worksheet တစ်ခုမှာ blank cell range တစ်ခုကို insert လုပ်ချင်တယ်ဆိုရင် insert လုပ်မယ့်နေရာမှာ pointer ကိုထားပြီး ကိုယ်လိုချင်သလောက် cell area တစ်ခုကို select အရင်လုပ်ပါ။ ဉပမာ ပုံ (၂.၁၉) မှာမြင်နေရတဲ့ cell range B1:B4 နေရာမှာ blank cell တွေနဲ့ insert လုပ်ချင်တယ်ဆိုပါစို့။ ဒါဆိုရင်cell range B1:B4 ကို select လုပ်ပြီး Home tab→Cells group→Insert ကို click လုပ်ပါ။ shortcut menu ပေါ်လာရင် Insert Cells ကို click လုပ်ပါ။ Insert dialog box ပေါ်လာတဲ့အခါ Shift cells down option ကို select လုပ်ပြီး OK ကို click လုပ်ပါမယ်။ ဒါဆိုရင် blank cell အသစ်တွေဟာ မူလက ရှိနေတဲ့ cell တွေကို အောက်တွန်းချပြီး အစားနေရာဝင်ယူသွားပါပြီ။




ပုံ (၂.၁၉)

## ▶ Enter the Same Data into Several Cells at Once

data တစ်ခုကို တစ်ခါတည်း ရိုက်ထည့်တာနဲ့ cell တွေအများကြီးမှာ တစ်ပြိုင်တည်းထည့်သလိုမျိုး ဝင်သွားစေချင်ရင် အခုလိုလုပ်ကြည့်ပါ။ data သွင်းချင်တဲ့ cell တွေကို select လုပ်ရပါမယ်။ cell တွေကို ကြိုက်သလို select လုပ်ပါ။ အခုနေ Office Excel 2010 ကိုရိုက်ထည့်ပြီး Ctrl+Enter ကိုနှိပ်ရင် cell တွေအားလုံးမှာ အဲဒီစာလုံးတွေ အလိုလိုရေးပြီးသား ဖြစ်သွားပါပြီ။

# ၂.၄ Apply Conditional Formatting

## ▶ Highlight Cells Rules

conditional formatting ဆိုတာ Excel ကနေ cell တွေမှာ သတ်မှတ်ထားတဲ့ condition ရအောင် apply လုပ်ပေးနိုင်တဲ့ special format ပါပဲ။ Excel ကတော့ rule လို့ခေါ်ပါတယ်။ rule တွေကအများကြီးပါ။ ပုံ (၂. ၂၀) မှာဖော်ပြထားတဲ့ worksheet က Average colume က cell တွေကို Highlight Cells Rule နဲ့ apply လုပ်ပြပါမယ်။ cell range F2:F16 ကို select လုပ်ပါမယ်။




| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | Student Name | Exam 1 | Exam 2 | Final Exam | Project | Average |
| 2 | ArKar | 66 | 47 | 42 | 77 | 58 |
| 3 | Aye Lwin | 43 | 79 | 73 | 85 | 70 |
| 4 | Zar Ni | 94 | 93 | 86 | 90 | 91 |
| 5 | Khin Zaw | 77 | 42 | 50 | 92 | 65 |
| 6 | Khit Ko | 56 | 43 | 65 | 86 | 63 |
| 7 | Po Zaw | 97 | 70 | 84 | 67 | 80 |
| 8 | Aung Aung | 91 | 90 | 79 | 97 | 89 |
| 9 | Sein Win Aung | 54 | 87 | 70 | 77 | 72 |
| 10 | Soe Lwin | 100 | 100 | 88 | 88 | 94 |
| 11 | Soe Win | 100 | 88 | 92 | 92 | 93 |
| 12 | Mya Aung | 77 | 93 | 84 | 94 | 87 |
| 13 | Tommy | 66 | 90 | 72 | 85 | 78 |
| 14 | Aung Win | 79 | 71 | 66 | 82 | 75 |
| 15 | Win Naing | 80 | 75 | 85 | 71 | 78 |
| 16 | Tin Win | 94 | 87 | 78 | 75 | 84 |
| 17 | | | | | | |
| 18 | | | | | | |

ပုံ (၂. ၂၀)

▶ Home tab→Styles group→Conditional Formatting→Highlight Cells Rule→Greater Than ကို click လုပ်ပါမယ်။ Greater Than dialog box ပေါ်လာရင် Format cells that are GREATER THAN text box မှာ 90 ကိုရိုက်ထည့်ပြီး highlight အတွက် Light Red Fill with Dark Red Text ကို select လုပ်ပါမယ်။ နောက်ပြီး OK ကို click လုပ်ပါ။ ဒါဆိုရင် Average column က cell content 90 ထက်ကျော်တဲ့ cell တွေကို အနီရောင်နဲ့ highlight လုပ်ပြနေပြီဖြစ်ပါတယ်။ ပုံ (၂. ၂၁) ကို ကြည့်ပါ။ ဒီနည်းအတိုင်း Less Than ၊ Between ၊ Equal To ၊ Text That Contains အစရှိတဲ့ Hightlight Cell Rule တွေကို အသုံးပြုလို့ရပါတယ်။




ပုံ (၂. ၂၁)

## ▶ Top/Bottom Rules

Top/Bottom Rules မှာ Top 10 Items ၊ Top 10% ၊ Bottom 10 Items ၊ Above Average နဲ့ Below Average တို့ကို အသုံးပြုလို့ရပါတယ်။ Average column ထဲက Top 3 ကို highlight cells လုပ်ချင်ရင် ပုံ (၂. ၂၂) က Top 10 Items ကို click လုပ်ပါ။ Top 10 Items dialog box ပေါ်လာရင် Format cells that rank in the TOP text box မှာ 3 ကိုရိုက်ထည့်ပြီး highlight အတွက် Light Red Fill with Dark Red Text ကို select လုပ်ပါမယ်။ နောက်ပြီး OK ကို click လုပ်ပါ။ ဒါဆိုရင် Average column က Top 3 ကို highlight လုပ်ပြနေပြီဖြစ်ပါတယ်။ ပိုပြီးထင်ရှားအောင် Sort လုပ်ပြပေးထားပါတယ်။




ပုံ (၂. ၂၂)

| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | Student Name | Exam 1 | Exam 2 | Final Exam | Project | Average |
| 2 | Soe Lwin | 100 | 100 | 88 | 88 | 94 |
| 3 | Soe Win | 100 | 88 | 92 | 92 | 93 |
| 4 | Zar Ni | 94 | 93 | 86 | 90 | 91 |
| 5 | Aung Aung | 91 | 90 | 79 | 97 | 89 |
| 6 | Mya Aung | 77 | 93 | 84 | 94 | 87 |

## Adding Data Bars

selected cell တွေကို  Gradient Fill သို့မဟုတ် Solid Fill လုပ်ထားတဲ့ horizontal data bar တွေ အသုံးပြုပြီး cell range value တွေကို ပုံပြဖော်ပြလို့ရပါတယ်။ ပုံ (၂. ၂၃) က Average column မှာရှိတဲ့ cell value (15) ခုရဲ့ဆက်သွယ်မှုကို Data Bars နဲ့ ပုံပြဖော်ပြထားပါတယ်။ cell range ထဲက အမြင့်ဆုံး တန်ဖိုးကို အရှည်ဆုံး data bar နဲ့ ဖော်ပြပေးမှာပါ။




ပုံ (၂. ၂၃)

## Adding Color Scales

တစ်ခါတစ်ရံ data တွေကိုစီစစ်တဲ့အခါ overall distribution ကိုကြည့်ချင်ရင် big picture view မျိုးက လိုအပ်လာပါတယ်။ ဘယ်နေရာတွေမှာ မြင့်တဲ့ value တွေရှိပြီး နည်းတဲ့ value တွေကကော ဘယ်နေရာမှာ ရောက်နေလဲဆိုတာပေါ့။ ဒါဆိုရင် Color Scales ကိုထည့်ပေးရမှာပါ။ ပုံ (၂. ၂၄) မှာ cell range A2:F16 ကို select လုပ်ပြီး gradient color scale တွေကိုထည့်ပြထားပါတယ်။ အရောင်အရင့်ဆုံးက lowest value တွေပါ။ အရောင်အနုဆုံးက highest value တွေဖြစ်ပါတယ်။




| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | Student Name | Exam 1 | Exam 2 | Final Exam | Project | Average |
| 2 | ArKar | 66 | 47 | 42 | 77 | 58 |
| 3 | Aye Lwin | 43 | 79 | 73 | 85 | 70 |
| 4 | Zar Ni | 94 | 93 | 86 | 90 | 91 |
| 5 | Khin Zaw | 77 | 42 | 50 | 92 | 65 |
| 6 | Khit Ko | 56 | 43 | 65 | 86 | 63 |
| 7 | Po Zaw | 97 | 70 | 84 | 67 | 80 |
| 8 | Aung Aung | 91 | 90 | 79 | 97 | 89 |
| 9 | Sein Win Aung | 54 | 87 | 70 | 77 | 72 |
| 10 | Soe Lwin | 100 | 100 | 88 | 88 | 94 |
| 11 | Soe Win | 100 | 88 | 92 | 92 | 93 |
| 12 | Mya Aung | 77 | 93 | 84 | 94 | 87 |
| 13 | Tommy | 66 | 90 | 72 | 85 | 78 |
| 14 | Aung Win | 79 | 71 | 66 | 82 | 75 |
| 15 | Win Naing | 80 | 75 | 85 | 71 | 78 |
| 16 | Tin Win | 94 | 87 | 78 | 75 | 84 |

ပုံ (၂.၂၉)

## ▶ Adding Icon Sets

Average column က cell တွေမှာ Icon Sets တွေကို add လုပ်ပေးချင်ရင် Conditional Formatting→Icon Sets→Rating icon set တစ်ခုကို choose လုပ်ရင် ပုံ (၂-၂၅) မှာပြထားတဲ့အတိုင်း မြင်ရမှာပါ။ တစ်ခြား icon တွေဖြစ်တဲ့ Directional ၊ Shapes နဲ့ Indicators icon set တွေကိုလည်း အသုံးပြုလို့ရပါတယ်။ ။




ပုံ (၂-၂၅)

# ▶ Using New Rules

ဒီတစ်ခါ Average column က cell range ကို select လုပ်ပြီးတော့ Home tab→Styles group→ Conditional Formatting→New Rule ကို click လုပ်ရင် ပုံ (၂. ၂၆) မှာပြထားတဲ့ New Formatting Rule dialog box ပေါ်လာမှာပါ။ Format only values that are above or below average ကို choose လုပ်ပြီး Format button ကို click လုပ်ပါမယ်။




ပုံ (၂. ၂၆)

▶ Format Cells dialog box ပေါ်လာရင် Fill tab ကိုနှိပ်ပြီး အပြာနုရောင်ကို select လုပ်ပြီး OK ကို click လုပ်ပါမယ်။ ပုံ (၂. ၂၇) ကိုကြည့်ပါ။ ဒီအရောင်ဟာ rule ဝင်တဲ့ cell တွေအတွက် background color ပါပဲ။ rule ကနေ cell range တွေထဲက average ထက်ကျော်တဲ့ cell တွေကို color fill လုပ်ပေးမှာပါ။

▶ ပုံ (၂. ၂၈) က background color fill လုပ်ပြထားတဲ့ cell (6) ခုမှာ average value (78) ထက်ကျော်တဲ့ value တွေရှိပါတယ်။ cell F17 မှာ average value ကို =AVERAGE(A2:F16) formula နဲ့ ရှာပြထား ပါတယ် ၊ သတိပြုကြည့်ပါ။




ပုံ (၂. ၂၇)

| 1 | Student Name | Exam 1 | Exam 2 | Final Exam | Project | Average |
|---|---|---|---|---|---|---|
| 2 | ArKar | 66 | 47 | 42 | 77 | 58 |
| 3 | Aye Lwin | 43 | 79 | 73 | 85 | 70 |
| 4 | Zar Ni | 94 | 93 | 86 | 90 | 91 |
| 5 | Khin Zaw | 77 | 42 | 50 | 92 | 65 |
| 6 | Khit Ko | 56 | 43 | 65 | 86 | 63 |
| 7 | Po Zaw | 97 | 70 | 84 | 67 | 80 |
| 8 | Aung Aung | 91 | 90 | 79 | 97 | 89 |
| 9 | Sein Win Aung | 54 | 87 | 70 | 77 | 72 |
| 10 | Soe Lwin | 100 | 100 | 88 | 88 | 94 |
| 11 | Soe Win | 100 | 88 | 92 | 92 | 93 |
| 12 | Mya Aung | 77 | 93 | 84 | 94 | 87 |
| 13 | Tommy | 66 | 90 | 72 | 85 | 78 |
| 14 | Aung Win | 79 | 71 | 66 | 82 | 75 |
| 15 | Win Naing | 80 | 75 | 85 | 71 | 78 |
| 16 | Tin Win | 94 | 87 | 78 | 75 | 84 |
| 17 | | | | | | 78 |

ပုံ (၂. ၂၈)

## Using Manage Rules

Average column က cell range ကို select လုပ်ပြီး Home tab→Styles group→Conditional Formatting→Manage Rules ကို click လုပ်ပါမယ်။ Conditional Formatting Rule Manager ပေါ်လာရင် ပုံ (၂. ၂၉) အပေါ်ပုံမှာပြထားတဲ့အတိုင်း New Rule (2) ခုကို create လုပ်ပြီး cell range မှာ apply လုပ်ပေးပါမယ်။ နောက်ပြီး sorting လည်း လုပ်ပါမယ်။ ဒါဆိုရင် ပုံ (၂. ၂၉) ကအောက်ပုံမှာပြထားတဲ့အတိုင်း Top 5 ငါးခုက အပေါ်ဆုံးမှာ ၊ နက်ပြာရောင်နောက်ခံမှာ အဖြူရောင်စာလုံးနဲ့ပါ။ cell F13 အထိက >= 70 ဖြစ်တဲ့ cell တွေဖြစ်ပါတယ်။ အောက်ဆုံး (3) ခုက < 70 ဖြစ်တဲ့ cell တွေပါပဲ။




| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | Student Name | Exam 1 | Exam 2 | Final Exam | Project | Average |
| 2 | Soe Lwin | 100 | 100 | 88 | 88 | 94 |
| 3 | Soe Win | 100 | 88 | 92 | 92 | 93 |
| 4 | Zar Ni | 94 | 93 | 86 | 90 | 91 |
| 5 | Aung Aung | 91 | 90 | 79 | 97 | 89 |
| 6 | Mya Aung | 77 | 93 | 84 | 94 | 87 |
| 7 | Tin Win | 94 | 87 | 78 | 75 | 84 |
| 8 | Po Zaw | 97 | 70 | 84 | 67 | 80 |
| 9 | Tommy | 66 | 90 | 72 | 85 | 78 |
| 10 | Win Naing | 80 | 75 | 85 | 71 | 78 |
| 11 | Aung Win | 79 | 71 | 66 | 82 | 75 |
| 12 | Sein Win Aung | 54 | 87 | 70 | 77 | 72 |
| 13 | Aye Lwin | 43 | 79 | 73 | 85 | 70 |
| 14 | Khin Zaw | 77 | 42 | 50 | 92 | 65 |
| 15 | Khit Ko | 56 | 43 | 65 | 86 | 63 |
| 16 | ArKar | 66 | 47 | 42 | 77 | 58 |

ပုံ (၂. ၂၉)

# ၂.၅ Filtering Data

## ▶ Tracking Sales Transaction

ပုံ (၂. ၃၀) မှာဖော်ပြထားတဲ့ worksheet မှာ Code number ၊ Salesperson ၊ Date ၊ Product sold၊ Units sold ၊ Transaction နဲ့ Location ဆိုတဲ့ column (5) ခုပါပါတယ်။ အခုနေ cell တစ်ခုကို click လုပ်ပြီး Data tab→Sort & Filter group→Filter ကို click လုပ်ရင် column အသီးသီးရဲ့ညာဘက်မှာ drop-down arrow လေးတွေပေါ်လာပါမယ်။

| | A | B | C | D | E | F | G |
|---|---|---|---|---|---|---|---|
| 1 | *Code nu* | *Salesperso* | *Date* | *Product sol* | *Units so* | *Transaction* | *Location* |
| 2 | 1 | Mg Mg | 3/30/2009 | lip gloss | 32 | 112.0 | Northeast |
| 3 | 2 | Ma Aye | 3/30/2009 | foundation | 50 | 175.0 | Midwest |
| 4 | 3 | Mg Ko | 3/30/2009 | lip stick | 23 | 80.5 | Northwest |
| 5 | 4 | Mg Shwe | 3/30/2009 | lip gloss | 25 | 87.5 | Northeast |
| 6 | 5 | Ma Ni | 3/30/2009 | lip gloss | 45 | 157.5 | Midwest |
| 7 | 6 | Mg Mg | 3/30/2009 | eye liner | 31 | 108.5 | Central |
| 8 | 7 | Mg Ko | 3/30/2009 | eye liner | 65 | 227.5 | Central |
| 9 | 8 | Ma Aye | 3/30/2009 | lip stick | 36 | 126.0 | Central |
| 10 | 9 | Ma Ni | 3/31/2009 | foundation | 21 | 73.5 | South |
| 11 | 10 | Ma Aye | 3/31/2009 | lip stick | 32 | 112.0 | Southwest |
| 12 | 11 | Mg Shwe | 3/31/2009 | eye liner | 55 | 192.5 | South |
| 13 | 12 | Ma Aye | 3/31/2009 | foundation | 61 | 213.5 | South |
| 14 | 13 | Ma Ni | 3/31/2009 | eye liner | 48 | 168.0 | Southwest |
| 15 | 14 | Mg Ko | 4/1/2009 | lip gloss | 27 | 94.5 | Midwest |
| 16 | 15 | Mg Mg | 4/1/2009 | lip gloss | 33 | 115.5 | Midwest |
| 17 | 16 | Mg Shwe | 4/1/2009 | eye liner | 48 | 168.0 | Midwest |
| 18 | 17 | Mg Mg | 4/1/2009 | eye liner | 65 | 227.5 | Northeast |
| 19 | 18 | Mg Ko | 4/1/2009 | lip gloss | 34 | 119.0 | Northeast |
| 20 | 19 | Ma Aye | 4/1/2009 | lip stick | 58 | 203.0 | Northwest |
| 21 | 20 | Mg Mg | 4/2/2009 | lip stick | 41 | 143.5 | Central |
| 22 | 21 | Ma Ni | 4/2/2009 | eye liner | 63 | 220.5 | Midwest |
| 23 | 22 | Mg Mg | 4/2/2009 | lip gloss | 38 | 133.0 | Southwest |
| 24 | 23 | Mg Ko | 4/2/2009 | eye liner | 44 | 154.0 | South |
| 25 | 24 | Mg Mg | 4/2/2009 | foundation | 54 | 189.0 | Central |
| 26 | 25 | Ma Aye | 4/2/2009 | lip stick | 49 | 171.5 | Midwest |

ပုံ (၂. ၃၀)

▶ Salesperson ခေါင်းက drop-down arrow လေးကို click လုပ်ပြီး (Select All) ကို click လုပ်ပြီး Ma Aye check box ကို select လုပ်ပါ။ နောက်ပြီး OK ကို click လုပ်ရင် Ma Aye နဲ့ဆိုင်တဲ့ ရောင်းရငွေတွေ တစ်ခုချင်းကို display လုပ်ပြပါပြီ။ ပုံ (၂.၃၁) ကိုကြည့်ပါ။




| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | Code nu | Salesperso | Date | Product sol | Units so | Transaction |
| 3 | 2 | Ma Aye | 3/30/2009 | foundation | 50 | 175.0 |
| 9 | 8 | Ma Aye | 3/30/2009 | lip stick | 36 | 126.0 |
| 11 | 10 | Ma Aye | 3/31/2009 | lip stick | 32 | 112.0 |
| 13 | 12 | Ma Aye | 3/31/2009 | foundation | 61 | 213.5 |
| 20 | 19 | Ma Aye | 4/1/2009 | lip stick | 58 | 203.0 |
| 26 | 25 | Ma Aye | 4/2/2009 | lip stick | 49 | 171.5 |

ပုံ (၂.၃၁)

▶ စောစောကနည်းအတိုင်း Product sold ဘေးက drop-down arrow လေးကို click လုပ်ပြီး (Select All) ကို click လုပ်ပါ။ နောက်ပြီး Lipstick box ကို select လုပ်ပါ။ နောက်ပြီး OK ကို click လုပ်ရင် Ma Aye နဲ့ဆိုင်တဲ့ Lipstick ရောင်းရငွေတစ်ခုချင်းကို display လုပ်ပြပါမယ်။ ပုံ (၂.၃၂) ကိုကြည့်ပါ။

| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | Code nu | Salesperso | Date | Product sol | Units so | Transaction |
| 9 | 8 | Ma Aye | 3/30/2009 | lip stick | 36 | 126.0 |
| 11 | 10 | Ma Aye | 3/31/2009 | lip stick | 32 | 112.0 |
| 20 | 19 | Ma Aye | 4/1/2009 | lip stick | 58 | 203.0 |
| 26 | 25 | Ma Aye | 4/2/2009 | lip stick | 49 | 171.5 |

ပုံ (၂.၃၂)

▶ ဒီတစ်ခါ Date ဘေးက drop-down arrow လေးကို click လုပ်ပြီး Date Filters→Custom Filter ကို click လုပ်ပါမယ်။ ပုံ (၂.၃၃) ကိုကြည့်ပါ။




ပုံ (၂.၃၃)

▶ Custom Autofilter dialog box ပေါ်လာရင် Show rows where: အောက်က Date box (2) ခု မှာ is after 3/30/2009 And is before 4/2/2009 ကို enter လုပ်ပြီး OK ကို click လုပ်ပါ။ အဲဒီ ဆိုရင် Ma Aye 3/31 နဲ့ 4/1 နေ့တွေက Lipstick ရောင်းရတဲ့ငွေတွေကိုရပါပြီ။ ပုံ (၂.၃၄) ကိုကြည့်ပါ။




| | A | B | C | D | E | F | G |
|---|---|---|---|---|---|---|---|
| 1 | Code nu | Salesperso | Date | Product sol | Units so | Transaction | Location |
| 11 | 10 | Ma Aye | 3/31/2009 | lip stick | 32 | 112.0 | Southwest |
| 20 | 19 | Ma Aye | 4/1/2009 | lip stick | 58 | 203.0 | Northwest |

ပုံ (၂.၃၄)

▶ နောက်ပြီးတော့ Mg Ko နဲ့ Ma Aye တို့နှစ်ယောက်ပေါင်း Lipstick ရောင်းရငွေအားလုံးကို Salesperson column မှာ filter လုပ်ပြီး Transaction column ကို sum လုပ်ရင်ရပါတယ်။ ပုံ (၂.၃၅) ကိုကြည့်ပါ။

| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | Code nu | Salesperson | Date | Product sol | Units so | Transaction |
| 4 | 3 | Mg Ko | 3/30/2009 | lip stick | 23 | 80.5 |
| 9 | 8 | Ma Aye | 3/30/2009 | lip stick | 36 | 126.0 |
| 11 | 10 | Ma Aye | 3/31/2009 | lip stick | 32 | 112.0 |
| 20 | 19 | Ma Aye | 4/1/2009 | lip stick | 58 | 203.0 |
| 21 | 20 | Mg Mg | 4/2/2009 | lip stick | 41 | 143.5 |
| 26 | 25 | Ma Aye | 4/2/2009 | lip stick | 49 | 171.5 |
| | | | | | | |
| | | | | | | 836.5 |

ပုံ (၂.၃၅)

# ၂.၆ Consolidating Data

## ▶ Create a Master Workbook

ပုံ (၂.၃၆) မှာဖော်ပြထားတဲ့ East.xlsx နဲ့ West.xlsx နာမည်နဲ့ workbook နှစ်ခုဟာဆိုရင် Jan ၊ Feb နဲ့ Mar လတွေမှာ အဲဒီဆိုင်တွေက ရောင်းချရတဲ့ပစ္စည်းစာရင်းတွေဖြစ်ပါတယ်။ အဲဒီ workbook data တွေ ပေါင်းပြီး master workbook တစ်ခုကို create လုပ်လို့ရပါတယ်။ နောက်ပြီး အဲဒီ data တွေကို master workbook နဲ့ link လုပ်ထားရင် East နဲ့ West မှာ ထပ်မံရောင်းရတဲ့ အရေအတွက်ပေါ်လာတိုင်း master မှာ အလိုလို update ဖြစ်နေပါမယ်။ ကောင်းပြီ ၊ blank workbook တစ်ခုကို create လုပ်ပါမယ်။

East

| | A | B | C | D |
|---|---|---|---|---|
| 3 | Product | January | Feburary | March |
| 4 | foundation | 25 | 49 | 83 |
| 5 | eye liner | 45 | 73 | 49 |
| 6 | lip stick | 31 | 86 | 73 |
| 7 | makeup | 65 | 55 | 86 |
| 8 | lip gloss | 36 | 79 | 55 |
| 9 | lip gloss | 99 | 37 | 79 |
| 10 | eye liner | 32 | 28 | 37 |
| 11 | lip gloss | 55 | 44 | 28 |
| 12 | makeup | 61 | 57 | 87 |
| 13 | lip stick | 48 | 83 | 23 |
| 14 | eye liner | 35 | 49 | 25 |
| 15 | foundation | 28 | 73 | 45 |
| 16 | eye liner | 110 | 86 | 31 |
| 17 | makeup | 56 | 55 | 65 |
| 18 | eye liner | 74 | 79 | 36 |
| 19 | foundation | 88 | 37 | 99 |
| 20 | lip gloss | 35 | 28 | 32 |
| 21 | | | | |
| 22 | | | | |
| 23 | | | | |
| 24 | | | | |
| 25 | | | | |

West

| | A | B | C | D |
|---|---|---|---|---|
| 3 | Product | January | Feburary | March |
| 4 | lip gloss | 32 | 56 | 73 |
| 5 | foundation | 87 | 120 | 96 |
| 6 | lip stick | 23 | 47 | 55 |
| 7 | lip gloss | 25 | 76 | 73 |
| 8 | makeup | 45 | 48 | 56 |
| 9 | eye liner | 31 | 95 | 83 |
| 10 | eye liner | 65 | 35 | 49 |
| 11 | lip stick | 36 | 28 | 73 |
| 12 | foundation | 99 | 110 | 86 |
| 13 | lip stick | 32 | 56 | 55 |
| 14 | eye liner | 55 | 74 | 79 |
| 15 | foundation | 61 | 88 | 37 |
| 16 | eye liner | 48 | 35 | 28 |
| 17 | makeup | 27 | 82 | 44 |
| 18 | lip gloss | 33 | 77 | 57 |
| 19 | eye liner | 48 | 51 | 49 |
| 20 | eye liner | 65 | 110 | 89 |
| 21 | lip gloss | 34 | 47 | 56 |
| 22 | makeup | 58 | 68 | 77 |
| 23 | lip stick | 41 | 38 | 56 |
| 24 | eye liner | 63 | 62 | 48 |
| 25 | lip gloss | 38 | 81 | 99 |

ပုံ (၂.၃၆)

▶ master.xlsx နာမည်နဲ့ save လုပ်ပါမယ်။ workbook သုံးခုကို Arrange Vertical လုပ်ပေးပြီး Data tab→Data Tools group→Consolidate ကို click လုပ်ပါ။ Consolidate dialog box ပေါ်လာရင် All references box မှာ cell range နှစ်ခုကို Add လုပ်ပေးပြီး OK ကို click လုပ်ပါ။ ဒါဆိုရင် master workbook ကိုရပါပြီ။ ပုံ (၂.၃၇) ကိုကြည့်ပါ။ workbook ကို update လုပ်ကြည့်ပါ။







ပုံ (၂.၃၇)

# ၂.၇ Format Text and Characters Cells

## ▶ Adjusting Column Width

cell တစ်ခုမှာ display လုပ်ပြရမယ့် content က cell width ထက်ပိုများမယ်ဆိုရင် အခုလိုမျိုး ##### cell ကနေ display လုပ်ပြမှာပါ။ ဒါဆိုရင် cell column width ကိုပြင်ပေးရပါမယ်။ Excel မှာ ထူးခြားတဲ့ အချက်တစ်ချက်က cell format နဲ့ cell data တို့ဟာ သီးခြားစီသဘောရှိပါတယ်။ cell တွေကို Del key နဲ့ဖျက်ရင် cell content တွေပဲပျက်ပါတယ်။ format ကမပျက်ပါဘူး။ ဆိုလိုတာက cell ထဲက cell data တွေရဲ့ format ကိုပဲ ကော်ပီကူးယူပြီး တစ်ခြား cell တွေမှာ apply လုပ်လို့ရပါတယ်။ cell data ကူးယူတာ မဟုတ်ပါဘူး။ ဒီနှစ်ခုက အဓိပ္ပါယ်ခြားနားပါတယ်။ ကောင်းပြီ ၊ blank workbook တစ်ခုကို open လုပ်ပြီး data entry တစ်ခုထည့်ပေးပါမယ်။ ပုံ (၂.၃၈) ကိုကြည့်ပါ။



| | A | B | C | D |
|---|---|---|---|---|
| 1 | Custome | Month | Category | Count |
| 2 | ArKar Aur | January | Ground | 3,458 |
| 3 | ArKar Aur | January | 3Day | 2,902 |
| 4 | ArKar Aur | January | 2Day | 14,901 |
| 5 | ArKar Aur | January | Overnight | 10,132 |
| 6 | ArKar Aur | January | Priority Overni | 2,509 |
| 7 | ArKar Aur | February | Ground | 4,501 |
| 8 | ArKar Aur | February | 3Day | 1,873 |
| 9 | ArKar Aur | February | 2Day | 18,337 |
| 10 | | | | |

ပုံ (၂.၃၈)

▶ worksheet မှာ entry လုပ်ထားတဲ့ data တွေဟာ column A နဲ့ C မှာ စာတွေပူးကပ်ပြီး တစ်ချို့စာတွေ ပေါ်တောင်မပေါ်ပါဘူး။ column width တွေကျဉ်းနေလို့ပါ။ adjust လုပ်နည်းက text တွေပူးကပ်နေတဲ့ columns A နဲ့ B ကြားက border ကိုညာဘက် drag ဆွဲသွားကြည့်ပါ။ column A ရဲ့ width ကျယ်သွားပါမယ်။ ဒါမှမဟုတ် column A နဲ့ B ကြားက border ကို double-click လုပ်ကြည့်ပါ။ column A ထဲမှာ အရှည်ဆုံးရှိနေတဲ့ entry တစ်ခုပေါ် မူတည်ပြီး cell width အသစ်ဖြစ်သွားတာကို တွေ့ရပါမယ်။ column C ၊ D တို့ရဲ့ width တွေကို adjust လုပ်ရင်လည်း ဒီနည်းပါပဲ။ နောက်တစ်နည်းက column တွေ အကုန်လုံးကို

တစ်ပြိုင်တည်း adjust လုပ်ချင်ရင် worksheet ရဲ့ ဘယ်ဘက်အပေါ်အစွန်နေရာက Select All button ကို click လုပ်ပြီး စာတွေပူးကပ်နေတဲ့ column တွေထဲက border တစ်ခုကို double-click လုပ်ရပါမယ်။ ဒါဆိုရင် cell width တွေအားလုံးတစ်ပြိုင်တည်း adjust ဖြစ်သွားပြီလေ။ ပုံ (၂.၃၉) ကိုကြည့်ပါ။




ပုံ (၂.၃၉)

## Rotating Text and Borders

ပုံ (၂.၃၉) က column border တွေကို စောင်းနိုင်းချင်ရင် စောင်းလို့ရပါတယ်။ cell range A1:D1 ကို select လုပ်ပြီး Home tab→Cells group→Format→Format Cells ကို click လုပ်ပါ။ Format Cells dialog box ပေါ်လာရင် Border tab ကို click လုပ်ပြီး Presets အောက်က Outline နဲ့ Inside button တို့ကို click လုပ်ပါမယ်။ Line Style box ထဲက သင့်တော်တဲ့မျဉ်းအထူတစ်ခုကို choose လုပ်ပါ။ ပြီးတော့ရင် Alignment tab ကို click လုပ်ပြီး အဲဒီကနေ Text alignment: Center (Vertical) နဲ့ Orientation: 30 Degrees ကို select လုပ်ပြီး OK ကို click လုပ်ပါမယ်။ ပုံ (၂.၄၀) ကိုကြည့်ပါ။

ဒါဆိုရင် worksheet ထဲက text နဲ့ border တွေ 30 degrees စောင်းသွားပြီလေ။ ပုံ (၂.၄၁) ကိုကြည့်ပါ။ တစ်ကယ်လို့ column width က adjust မဖြစ်ရင် column width တွေကို adjust လုပ်ရပါမယ်။


Format Cells
Number
Alignment
Font
Border
Fill
Protection
Line
Style:
None
Color:
Automatic
Presets
None
Outline
Inside
Border
Text
Text
The selected border style can be applied by clicking the presets, preview diagram or the buttons above.
OK
Cancel
Format Cells
Number
Alignment
Font
Border
Fill
Protection
Text alignment
Horizontal:
Center
Indent:
0
Vertical:
Center
Justify distributed
Text control
Wrap text
Shrink to fit
Merge cells
Right-to-left
Text direction:
Context
Orientation
Text
30
Degrees
OK
Cancel

ပုံ (၂.၄၀)

| | A | B | C | D | E |
|---|---|---|---|---|---|
| 1 | Customer | Month | Category | Count | |
| 2 | ArKar Aung | January | Ground | 3,458 | |
| 3 | ArKar Aung | January | 3Day | 2,902 | |
| 4 | ArKar Aung | January | 2Day | 14,901 | |
| 5 | ArKar Aung | January | Overnight | 10,132 | |
| 6 | ArKar Aung | January | Priority Overnight | 2,509 | |
| 7 | ArKar Aung | February | Ground | 4,501 | |
| 8 | ArKar Aung | February | 3Day | 1,873 | |
| 9 | ArKar Aung | February | 2Day | 18,337 | |
| 10 | | | | | |

ပုံ (၂.၄၁)

## ▶ Add Borders and Colors

ပုံ (၂.၃၉) မှာပြထားတဲ့ worksheet ပုံစံထက် ပိုပြီးပေါ်လွင်ထင်ရှားလာအောင် လုပ်ချင်သေးတယ်ဆို cell range အပေါ်အောက်မှာ border တွေ ထည့်ပေးပြီး ထင်ရှားစေချင်တဲ့ cell range ကို shadin လုပ်ပေးလိုက်ပါ။ cell range A1:D9 ကို select လုပ်ပြီး Format Cells dialog box ထဲကိုဝင်ပါမယ် နောက်ပြီး Green border line တွေ add လုပ်ပေးပါမယ်။ Fill color ကိုလည်း cell ranges A1:D1 A2:D9 တွေမှာ တစ်ရောင်စီထည့်ပေးရင် ပုံ (၂.၄၂) မှာပြထားတဲ့အတိုင်း မြင်ရမှာပါ။

## ▶ Copy Formats Quickly

Home tab→Clipboard group ထဲက Format Painter button ကို အသုံးပြုပြီး cell တွေအချင်းချ format ပြောင်းကူးပေးလို့ ရပါတယ်။ လုပ်နည်းက ပုံ (၂.၄၂) က cell A1 ကို select လုပ်ပြီး Forma Painter button ကို click လုပ်ပါမယ်။ cell A1 ပတ်လည်မှာ marquee box တစ်ခု ပေါ်လာပါမယ် အခုလို icon လည်းပေါ်လာမှာပါ။ ဒီ icon နဲ့ paste format လုပ်ချင်တဲ့ cell range A2:D ကို click လုပ်ရင် cell range A2:D9 မှာ format paste ဖြစ်သွားတဲ့အတွက် cell content တွေဟ Bold style ဖြစ်ကုန်ပါပြီ။




| | A | B | C | D | E |
|---|---|---|---|---|---|
| 1 | Customer | Month | Category | Count | |
| 2 | ArKar Aung | January | Ground | 3,458 | |
| 3 | ArKar Aung | January | 3Day | 2,902 | |
| 4 | ArKar Aung | January | 2Day | 14,901 | |
| 5 | ArKar Aung | January | Overnight | 10,132 | |
| 6 | ArKar Aung | January | Priority Overnight | 2,509 | |
| 7 | ArKar Aung | February | Ground | 4,501 | |
| 8 | ArKar Aung | February | 3Day | 1,873 | |
| 9 | ArKar Aung | February | 2Day | 18,337 | |

ပုံ (၂.၄၂)

Office 2010

Chapter 3

# FORMULAS AND FUNCTIONS

Microsoft Excel 2010

Formulas ဆိုတာ Excel ကနေ worksheet data တွေကို တွက်ချက်ဖြေရှင်းဖို့ အသုံးပြု
instruction တွေပါပဲ။ Formulas သာမရှိရင် Excel ဟာ ဒီတိုင်းလက်နဲ့ချတွက်ပြီး ဖြေရှင်းရမယ့် သာမန်ဇယားမျိုး
ဖြစ်သွားပါမယ်။ Excel formula တစ်ခုဟာ ညီမျှခြင်းသင်္ကေတ ( = ) နဲ့စပါတယ်။ formula မှာပါဝင်နိုင်တာတွေ
+ - * / ^ လို simple operator များ ၊ constant များ ၊ cell reference သို့မဟုတ် reference name များ
function များဖြစ်ပါတယ်။ Excel က space တွေကို ignore လုပ်ပေမယ့် formula မှာထည့်သွင်းအသုံးပြုလို့ရ
တယ်။ စက်ဝိုင်းတစ်ခုရဲ့ဧရိယာရှာတဲ့ formula ကိုရေးချင်ရင် =PI( )*A1^2 လို့ရေးပါ။ PI( ) ဆိုတာက
တန်ဖိုး 3.141593 ကို return လုပ်ပေးမယ့် function ဖြစ်ပါတယ်။ A1 က စက်ဝိုင်းအချင်းဝက်တန်ဖိုးကို stor
လုပ်ထားတဲ့ cell ကို ညွှန်တဲ့ reference cell ဖြစ်ပါတယ်။ reference cell အစား reference name ဥပမ
radius လို့ ပြောင်းပေးလည်း ရပါတယ်။ 2 က formula မှာ တိုက်ရိုက်ဝင်လာမယ့် constant တစ်ခုပါ။ constan
တွေဟာ number သို့မဟုတ် text value တွေဖြစ်နိုင်ပါတယ်။ constant ဟာ formula ကနေတွက်လို့ရ
value မဟုတ်ပါဘူး။ =PI()*A1^2 မှာအသုံးပြုတဲ့ ^ (caret) နဲ့ * (asterisk) တို့ကို operators လို့ခေါ်
တယ်။ ^ က ဂဏန်းတစ်ခုကို power တင်တာဖြစ်ပြီး * က mutiplication operator ဖြစ်ပါတယ်။

# ၃.၁ Building Basic Formulas

## ▶ Formula Limits in Excel 2007 and Excel 2010

Excel formula တွေရဲ့ general structure က စဦးမှာပြောခဲ့ပြီးပါပြီ။ formula တစ်ခုဟာ equal sign (=) နဲ့စပြီး သူ့နောက်မှာ operand တွေ အများကြီးပါလာပါတယ်။ operand တွေဟာ values ၊ cell references ၊ ranges ၊ range names နဲ့ function name တွေဖြစ်မှာပါ။ operand တွေကို operator တွေနဲ့ ခြားထားပါတယ်။ operator နဲ့ operand တွေခြားမှာ space တွေ လက်ခံသလို formula တွေကိုရေးတဲ့အခါ line break ကိုလည်းလက်ခံပါတယ်။ line break တစ်ခုကို create လုပ်ချင်ရင် Alt+ Enter နှိပ်ပါ။ ပုံ (၃. ၁) ကဇယားမှာ Excel ရဲ့ formula-related limit တွေကိုဖော်ပြထားပါတယ်။

| *Formula-Related Limits in Excel 2007 and Excel 2010* | | |
|---|---|---|
| **Object** | **New Maximum** | **Old Maximum** |
| Columns | 16,384 | 1,024 |
| Rows | 16,777,216 | 65,536 |
| Formula length (characters) | 8,192 | 1,024 |
| Function argument | 255 | 30 |
| Formula nesting levels | 64 | 7 |
| Array references (rows or columns) | Unlimited | 65,335 |
| Pivot Table columr | 16,384 | 255 |
| Pivot Table rows | 1,048,576 | 65,536 |
| Pivot Table fields | 16,384 | 255 |
| Unique PivotField items | 1,048,576 | 32,768 |

ပုံ (၃. ၁)

## ▶ Arithmetic and Logical Operators

Excel formula တွေမှာ အသုံးပြုလို့ရတဲ့ operator တွေအများကြီးရှိပါတယ်။ data တွေကိုပေါင်းမယ် ၊ နှုတ်မယ် ၊ မြှောက်မယ် ၊ power တင်မယ်ဆိုရင် ပုံ (၃. ၂) က Arithmetic operator တွေကိုအသုံးပြုပါ။

| Operator | Name | Example | Result |
|---|---|---|---|
| + | Addition | =1+1 | 2 |
| - | Subtraction | =1-1 | 0 |
| * | Multiplication | =2*2 | 4 |
| / | Division | =4/2 | 2 |
| ^ | Exponentiation | =2^3 | 8 |
| % | Percent | =20% | 0.2 |

ပုံ (၃. ၂)

- value နှစ်ခုကို နှိုင်းယှဉ်ချင်ရင် Logical operator တွေကိုအသုံးပြုရပါမယ်။ ပုံ (၃. ၃) မှာဖော်ပြထားတဲ့ Lomparison operator တွေကို လေ့လာကြည့်ပါ။

| Operator | Name | Example | Result |
|---|---|---|---|
| = | Equal to | 1 = 2 | FALSE |
| > | Greater than | 1 > 2 | FALSE |
| < | Less than | 1 < 2 | TRUE |
| >= | Greater than or equal to | 1 >= 1 | TRUE |
| <= | Less than or equal to | 1 <= 1 | TRUE |
| <> | Not equal to | 1 <> 1 | FALSE |

ပုံ (၃. ၃)

## ▸ Text Concatenation and Reference Operators

text string တွေကို ampersand (&) operator အသုံးပြုပြီး စာတစ်ကြောင်းတည်းဖြစ်အောင် ဆက်ပေးနိုင်ပါတယ်။ cell မှာ ="North"&"Wind" လို့ရေးရင် NorthWind လို့ပေါ်လာမှာပါ။ = မပါ လို့မရပါဘူး။ cell range တွေကိုပေါင်းချင်ရင် Reference operator တွေဖြစ်တဲ့ : (colon) ၊ , (comma) နဲ့ (space) တို့ကို အသုံးပြုရပါမယ်။ ဥပမာ cell B5 ကနေ B10 ထဲက cell တွေအားလုံးကို reference တစ်ခုတည်းနဲ့ ဖော်ပြချင်ရင် B5:B10 လို့ရေးပါတယ်။ : (colon) ကို Range operator လို့ခေါ်ပါတယ်။ cell range တွေကိုပေါင်းပေးချင်ရင် Union operator ဖြစ်တဲ့ , (comma) ကိုအသုံးပြုပါ။ ဥပမာ =SUM(B5:B10,

D1:D5) ကိုကြည့်ပါ။ cell range နှစ်ခုလုံးဆိုင်တဲ့ cell တွေကို အသုံးပြုချင်ရင် Intersection operator ဖြစ်တဲ့ (space) ချန်တာကိုလုပ်ပါ။ =SUM(B7:D7 C6:C8) မျိုးပေါ့။ ပုံ (၃.၄) ကိုကြည့်ပါ။

| *Operator* | *Name* | *Example* |
|---|---|---|
| & | Concatenation operator | ="North"&"Wind" |
| : | Range operator | B5:B10 |
| , | Union operator | =SUM(B5:B10,D1:D5) |
| Space | Intersection operator | =SUM(B7:D7  C6:C8) |

ပုံ (၃.၄)

## ▶ Using Functions in Formulas

Functions ဆိုတာ predefined formula တွေပါပဲ။ function structure ပေါ်လိုက်ပြီး argument value တွေကို သင့်တဲ့အစီအစဉ်နဲ့ Excel ကတွက်သွားမှာပါ။ တွက်တာ လွယ်လွယ်ခက်ခက် function ကို သုံးလို့ ရပါတယ်။ ပုံ (၃.၅) က cell range C2:C5 က price value တွေကို sum လုပ်ချင်ရင် =SUM (C2:C5) ကို enter လုပ်ပေးပါ။ အဖြေကို cell C7 မှာ display လုပ်ပြခိုင်းပါတယ်။ SUM() function ကိုလေ့လာချင်ရင် cell C7 ကို select လုပ်ထားပြီး Shift+F3 ကိုနှိပ်ပါ။ Insert Function dialog box ပေါ်လာရင် Search for a function: box မှာ SUM ရိုက်ထည့်ပြီး OK ကို click လုပ်ပါမယ်။ Function Arguments dialog box ပေါ်လာရင် Number box မှာ C2:C6 ကိုရိုက်ထည့်ပြီး OK ကို click လုပ်ရင် cell B7 မှာ $787.50 အဖြေရမှာပါ။



| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | *Date purchased* | *Item* | *Price* | | | |
| 2 | 8/5/2010 | Meat | $22.50 | | | |
| 3 | 8/5/2010 | Fresh fruit | $10.50 | | | |
| 4 | 8/5/2010 | Dell Laptop | $750 | | | |
| 5 | 8/5/2010 | Diary | $4.50 | | | |
| 6 | | | | | | |
| 7 | | | = | | | |




ပုံ (၃.၅)

## ▶ Evaluating a Nested Formula

formula တစ်ခုမှာ function တွေကို တစ်ခြား function တစ်ခုရဲ့ argument တွေအဖြစ် အသုံးပြုခဲ့ရင် nesting လုပ်တယ်လို့ခေါ်ပါတယ်။ ပုံ (၃.၆) မှဆိုရင် cell range B1:C9 ထဲက value တွေကို average အရင်ရှာပြီး ရတဲ့အဖြေဟာ 30 ထက်ကျော်ရင် cell range B1:B9 ထဲက value တွေကို sum လုပ်ပြီး cell

B11 မှာ display လုပ်ပြမယ်။ အဲဒီလိုမဟုတ်ရင် 0 ပဲ display လုပ်ပြပါဆိုတာမျိုးကို nested formula နဲ့ အခုလိုရေးလို့ရေးထားတာပါ။ Formula bar မှာရေးထားတဲ့ formula ကို လေ့လာကြည့်ပါ။




ပုံ (၃. ၆)

- IF( ) function ရဲ့ logical test ကို လက်တန်းမရေးတတ်ဘူးဆိုရင် cell B11 ကို click လုပ်ပြီး SHIFT+F3 ကိုနှိပ်ပါ။ Insert Function dialog box ပေါ်လာရင် Select a function အောက်က list box မှာ IF function ကိုရှာပြီး select လုပ်ပါ။ နောက်ပြီး OK ကို click လုပ်ပါ။ Function Arguments dialog box ပေါ်လာရင် ပုံ (၃. ၇) မှာပြထားတဲ့တိုင်း ရိုက်ထည့်ပြီး OK ကို click လုပ်ပါမယ်။ ဒါဆိုရင် Function Arguments dialog box ထဲမှာပဲ Formula result = 405 ဆိုတဲ့အဖြေကို တွေ့နေရပါပြီ။ nesting လုပ်တာကို function (64) ခုအထိ အသုံးပြုလို့ရပါတယ်။

- Excel ကနေ step by step တွက်သွားတာကြည့်ချင်ရင် ပုံ (၃. ၈) က formula ရှိတဲ့cell B11 ကို select လုပ်ပြီး Formula tab→Formula Auditing group→Evaluate Formula ကို click လုပ်ပြီး dialog box ထဲက Evaluate button ကို တစ်ချက်ချင်းတစ်ချက်နှိပ်သွားရင် တွက်နည်းကိုသိပါပြီ။


IF
=IF(AVERAGE(B1:C9)>30,SUM(B1:B9))
A B C D E F G
1 23 67
2 55 32
3 76 22
4 12
5 34
6 61
7 75
8 44
9 25
10
11 (B1:B9))
12
Function Arguments
IF
Logical_test AVERAGE(B1:C9)>30 = TRUE
Value_if_true SUM(B1:B9) = 405
Value_if_false = any
= 405
Checks whether a condition is met, and returns one value if TRUE, and another value if FALSE.
Value_if_true is the value that is returned if Logical_test is TRUE. If omitted, TRUE is returned. You can nest up to seven IF functions.
Formula result = 405
Help on this function
OK
Cancel

ပုံ (၃. ၇)


Evaluate Formula
Reference:
Sheet1!$B$11
Evaluation:
IF(AVERAGE(B1:C9)>30,SUM(B1:B9),0)
IF(47.7777777777778>30,SUM(B1:B9),0)
IF(TRUE,SUM(B1:B9),0)
IF(TRUE,405,0)
405
To show the result of the underlined expression, click Evaluate.
The most recent result appears italicized.
Evaluate
Step In
Step Out
Close

ပုံ (၃. ၈)

# ၃.၂ Using References in Formulas

## ▶ Apply Absolute and Relative Cell References

reference တွေမှာ relative reference နဲ့ absolute reference ဆိုပြီး (2) မျိုးရှိပါတယ်။ သူတို့နှစ်ခု ကွာခြားပုံကို အနီးစပ်ဆုံးဥပမာပေးရရင် စာဖတ်သူကို လူတစ်ယောက်က လိပ်စာပြောပြီး လမ်းညွှန်ခိုင်းလာရင် သူသွားချင်တဲ့နေရာကို reference နည်းနဲ့ လမ်းညွှန်ရမှာပါ။ <u>ဒီကနေ</u> ရှေ့တည့်တည့်လျှောက်သွားပါ။ လမ်းသုံးလမ်းကျော်ရင် ဘယ်ချိုးပါ၊ မူကြိုကျောင်းလေးတွေ့ရင် အဲဒါရဲ့ဘေးချင်းကပ်ရက်ဟာ ခင်ဗျားရှာနေတဲ့အိမ်ပါပဲ လို့ပြောရုံပါပဲ။ ရောက်ပြီပေါ့ မဟုတ်လား။ ဒီလမ်းညွှန်နည်းကို Excel အခေါ်က relative cell reference လို့ခေါ်ပါတယ်။ <u>ဒီကနေ</u> ဆိုတာ current cell နေရာပါ။ current cell နေရာသာ ပြောင်းသွားရင် ဒီလမ်းညွှန်နည်းက သွက်သွက်ခါအောင်မှားသွားပြီ။ လိပ်စာဆိုတာက cell နေရာပေါ် မူမတည်လို့ absolute cell reference လို့ခေါ်ပါတယ်။

reference နှစ်မျိုးလုံးအသုံးပြုပြီး Excel နဲ့အဖြေရှာတဲ့ သချာင်္တွက်နည်းတစ်ခုကို တင်ပြချင်ပါတယ်။ ဂဏန်းတစ်ခုရဲ့ square root ရှာတဲ့ပုစ္ဆာပါ။ square root ရှာရမယ့်ဂဏန်းက xn ၊ အဖြေအတွက် စဦးခန့်မှန်းတန်ဖိုးက xr ဆိုပါစို့။ သချာင်္တွက်နည်းမှာ xr=(xr + xn/xr)/2 ဆိုတဲ့ပုံသေနည်းကို ထပ်ခါတစ်လဲတွက်ပေးရင် တစ်ချိန်မှာ xr တန်ဖိုးက မပြောင်းလဲတော့ပါဘူး။ ဒါဆိုရင် xr ဟာ root ပါပဲ။ programming နည်းမှာဆိုရင် looping ပတ်ပြီး တွက်ရမှာပါ။ Excel မှာ ဒီတိုင်း manual တွက်မှာပါ။ xn က အစအဆုံး မပြောင်းလဲတဲ့အတွက် absolute cell reference အမျိုးအစားဖြစ်ပါတယ်။ xr က တွက်နေရင်းပြောင်းနေမှာမို့ relative cell reference အမျိုးအစားပါပဲ။ cell E5 ကို absolute cell reference နဲ့ ညွှန်ချင်ရင် $E$5 လို့ရေးရပါတယ်။ ကောင်းပြီ ၊ ပုံ (၃. ၈) က worksheet မှာ cell range A1:G1 ကို select လုပ်ပြီး Home tab→Alignment group→Merge & Center ကို click လုပ်ပါ။ နောက်ပြီး ***Finding the Square Root of a Number*** ကိုရိုက်ထည့်ပြီး merged cells ကို color fill လုပ်ပါမယ်။ ဒီနည်းအတိုင်း cell range B3:F3 မှာလည်း Use this formula: xr = (xr + xn/xr) / 2 ကိုရိုက်ထည့်ပြီး color fill နဲ့ text align တွေလုပ်ပေးပါမယ်။ အခုနေ cell E5 မှာ xn တန်ဖိုး 123456789 နဲ့ cell E6 xr တန်ဖိုး 1000 ကိုရိုက်ထည့်မယ်ဆိုပါစို့။ cell E7 မှာ =(E6+$E$5/E6)/2 ကို enter လုပ်ပြီး Fill handle ကို အောက်ဘက်ဆီ drag ဆွဲချရရင် cell value တွေဟာ တစ်ဖြည်းဖြည်းငယ်လာတာကိုတွေ့ရမှာပါ။ 1111.11 ဖြစ်သွားရင် ဂဏန်းက ဆက်မငယ်တော့ပါဘူး။ ဒါဆိုရင် 123456789 ရဲ့ square root ဟာ 1111.11 ဖြစ်မှာပါပဲ။ ဒီတွက်နည်းမှာ cell E8 ကို click လုပ်ကြည့်ရင် formula bar မှာ =(E7+$E$5/E7)/2 လို့ပေါ်နေပါမယ်။ cell E6 ရဲ့ relative cell reference ကပြောင်းသွားပေမယ့် absolute cell reference ဖြစ်တဲ့ $E$5 ကမပြောင်းလဲပါဘူး။ calculation တွက်နေတုန်း တစ်လျှောက်လုံးပါပဲ။ ဒီနည်းကို Newton iteration method လို့ခေါ်ပါတယ်။




ပုံ (၃. ၉)

# ၃.၃ Using Names

## ▶ Define and Use Names in Formulas

worksheet က cell ၊ cell range ၊ formula ၊ constant value ၊ Excel table တွေအတွက် define name တွေ create လုပ်လို့ရပါတယ်။ defined name တွေကိုအသုံးပြုခြင်းဟာ cell reference အသုံး တာထက်ပိုပြီး မှတ်လို့လွယ်ကူပါတယ်။ ဥပမာ =SUM(C10:C20) အစား =SUM(FirstQuarter_Sale လို့ရေးရင် ပိုမကောင်းဘူးလား။ name ကိုအသုံးပြုလို့ကောင်းတဲ့ နောက်တစ်ချက်က worksheet တစ်ခု အသုံးပြုခဲ့တဲ့ defined name တွေကို တစ်ခြား worksheet တွေကလည်း လက်ခံပေးပါတယ်။ define name တစ်ခုကို create သို့မဟုတ် edit လုပ်မယ်ဆိုရင် အောက်ပါစည်းကမ်းတွေကို လိုက်နာရမှာပါ

*Valid characters* defined name တစ်ခုရဲ့စဦးစာလုံးဟာ letter ၊ underscore ( _ ) သို့မဟု backslash ( \ ) တစ်ခုခုဖြစ်ရပါမယ်။ ကျန်တဲ့ character တွေက lette

number ၊ period ၊ underscore တို့ဖြစ်လို့ရပါတယ်။ ဒါပေမယ့် "R" ၊ "r" ၊ "C" ၊ "c" letter တွေကို defined name မှာ အသုံးပြုလို့မရပါဘူး။

| | |
|---|---|
| *Cell references disallowed* | name တစ်ခုဟာ reference ပုံစံနဲ့ မတူရပါဘူး။ ဥပမာ A2 ၊ Z$50 ၊ R1C1 အစရှိတာတွေကို name လုပ်ပေးလို့မရပါဘူး။ |
| *Case sensitivity* | name တွေဟာ case-sensitive မဖြစ်တဲ့အတွက် Sales နဲ့ SALES တို့ဟာ အတူတူပါပဲ။ မှားသုံးမိရင် ဒုတိယ name က ပထမ name ကို replace လုပ်သွားမှာပါ။ |
| *Name length* | name တစ်ခုကို 255 လုံးအထိရေးခွင့်ပြုပါတယ်။ |
| *Spaces not valid* | name တစ်ခုမှာ ကွက်လပ်တွေ (spaces) ကိုလက်မခံပါဘူး။ Sales Tax ကိုရေးချင်ရင် Sales_Tax သို့မဟုတ် Sales.Tax လို့ ရေးရပါမယ်။ |

ကောင်းပြီ ၊ Loan program တစ်ခုကို name တွေအသုံးပြုပြီး Excel နဲ့ရေးကြည့်ရအောင်။ အသုံးပြုမယ့် formula က အခုလိုပါ။

$$\text{Payment} = \text{Loan}*\text{IR}/[1-(1+\text{IR})^{-\text{Term}}]$$

where

IR = Monthly Interest Rate = Annual Interest Rate/(100*12)

Term = Terms in months = Term in year*12

Loan ၊ Annual interest rate ၊ Term (years) နဲ့ Payment ဆိုတဲ့စာတွေကို A1 ၊ A2 ၊ A3 နဲ့ A5 cell တွေမှာရိုက်ထည့်ပြီး B1 ၊ B2 ၊ B3 တို့မှာ 128000 ၊ 9.75 နဲ့ 30 ကို enter လုပ်ပါမယ်။ B1 ၊ B2၊ B3 နဲ့ B5 cell တွေအတွက် name တွေကို Name box မှာ Loan ၊ IR ၊ Term နဲ့ Payment တို့ကို တစ်ခုချင်းရိုက်ထည့်ပြီး Enter နှိပ်သွားရပါမယ်။ အခုနေ cell B1 ကို select လုပ်ရင် B1 လို့မပြတော့ပါဘူး။ Loan လို့ပြနေမှာပါ။ Formula bar မှာပဲ 128000 လို့ပေါ်နေပါမယ်။ ဆိုလိုတာက Loan = 128000 လို့ Excel ကသိလိုက်ပါပြီ။ ဒီအတိုင်းပဲ IR = 9.75 နဲ့ Term = 30 ဖြစ်နေမှာပါ။ ကောင်းပြီ ၊ cell B5 ကို select လုပ်ပြီး Formula bar မှာ =Loan*(IR/1200)/(1-(1+IR/1200)^(-12*Term)) ရိုက်ထည့်ပေးရင် Payment value ကို 1099.72 လို့ Excel ကတွက်ပေးပါတယ်။ ပုံ (၃. ၁၀) ကိုကြည့်ပါ။




ပုံ (၃.၁၀)

- ဒုတိယနည်းက cell တစ်ခုချင်းကို define လုပ်တာမျိုးမဟုတ်ပဲ cell range တစ်ခုလုံးကို တစ်ပြိုင်တည်း define လုပ်ပေးတာပါ။ cell range A1:B5 ကို select လုပ်ပြီး Formula tab→Defined Names group→Create from Selection ကို click လုပ်ပါမယ်။ ပုံ (၃.၁၁) ကိုကြည့်ပါ။




ပုံ (၃.၁၁)

- Create Names from Selection dialog box ပေါ်လာရင် Left Column box ကို check လုပ်ပြီး OK ကို click လုပ်ပါမယ်။ ပုံ (၃.၁၂) ကိုကြည့်ပါ။




ပုံ (၃. ၁၂)

- column A ထဲက name တွေဟာ column B က cell တွေအတွက် defined name တွေဖြစ်သွားပါပြီ။ အခုနေ cell B1 ကို select လုပ်ရင် B1 လို့မပြတော့ပါဘူး။ Loan လို့ပြနေမှာပါ။ defined name ရှိတဲ့ cell တွေမှာ data တွေကို enter လုပ်ရင် ပုံ (၃. ၁၃) မှာပြထားတဲ့အတိုင်း Payment value ကို Excel ကနေတွက်ပေးလိုက်ပါပြီ။ Payment မှာ #NUM လို့ပြလာရင် input data တစ်ခုခု မှားလို့ဖြစ်ပါတယ်။




ပုံ (၃. ၁၃)

- တတိယနည်းမှာ Loan ၊ Annual interest rate ၊ Term နဲ့ Payment တို့ကို column A မှာ အရင်ရိုက်ထည့်ပါ။ ပြီးတော့ရင် cell B1 ကို select လုပ်ပြီး Formula tab→Defined Names group→Define Name ကို click လုပ်ပါမယ်။ New Name dialog box ပေါ်လာရင် Name: box မှာ Loan လို့ပေါ်နေပါမယ်။ ဒီနာမည်ကိုသဘောကျရင် OK ကို click လုပ်ပါ။ Annual interest rate ကျရင် IR လို့ပြောင်းပါ။ ကျန်တဲ့အလုပ်တွေကတော့ အရင်အတိုင်းပါပဲ။

# ၃.၄ Array Formulas

## ▶ Multiple Calculation Using Array Formulas

Array formula တစ်ခုအလုပ်လုပ်ပုံကို မလေ့လာခင် ရိုးရိုးတန်း formula တစ်ခုအလုပ်လုပ်ပုံကို စဉ်းစား ကြည့်ပါ။ cell တစ်ခုမှာ =B2*B3 ဆိုတဲ့ formula ကိုရေးထားရင် cells B2 နဲ့ B3 တို့ရဲ့ value တွေကို မြှောက်ပါလို့ ဆိုလိုတာပါပဲ။ ဒါပေမယ့် array formula သုံးပြီး {=SUM(B2:E2*B3:E3)} လို့ရေးမယ် ဆိုရင် Excel က အဖြေလေးခုတစ်ပြိုင်တည်း တွက်ပေးမှာပါ။ အဖြေက =B2*B3+C2*C3+D2*D3+ E2*E3 ဖြစ်ပါတယ်။ အဲဒီ formula မျိုးကို array formula လို့ခေါ်ပါတယ်။ arrayformula တစ်ခုကို create လုပ်မယ်ဆိုရင် target cell ကို select လုပ်ပြီး formula ကိုရိုက်ထည့်ပါ။ နောက်ပြီး Ctrl+Shift+ Enter ကိုတွဲနှိပ်လိုက်တာနဲ့ formula ကို Excel က brace { } တွေနဲ့ ပိတ်ပေးမှာပါ။ { } ကို သီးသန့် ရိုက်ထည့်ဖို့မလိုပါဘူး။ ဒီတော့ array formula တစ်ခုဟာ multiple calculation တွေကိုတွက်ချက်ပြီး အဖြေတစ်ခု သို့မဟုတ် အဖြေအုပ်စုတစ်ခုကို return လုပ်ပေးနိုင်တယ်လို့မှတ်ပါ။ array formula နဲ့ ပတ်သက်ပြီး နမူနာတစ်ခုတင်ပြပေးပါမယ်။ ပုံ (၃. ၁၄) က worksheet မှာ Price နဲ့ Quantity တွေကို array forula သုံးပြီး single result ဖြစ်တဲ့ Grand Total ကိုတွက်ယူထားပါတယ်။ ပုံမှန်အနေနဲ့ဆိုရင် Subtotal ကို =B2*B3 နဲ့တွက်ယူပြီး fill handle ကို E3 ထိ drag ဆွဲသွားရင် Subtotal လေးခုလုံး တွက်ပြီးသွားပါပြီ။ အဲဒီလေးခုကို =SUM(B4:E4) လိုရေးပြီးတွက်ရင် Grand Total ကိုရပါမယ်။ ဒီနည်းက array formula ကိုမသုံးတဲ့နည်းပေါ့။ နောက်တစ်နည်းက =SUMPRODUCT(B2:E2,B3:E3) လို့ရေးရင် array formula သုံးဖို့မလိုပါဘူး။



B6 | {=SUM(B2:E2*B3:E3)}

| | A | B | C | D | E |
|---|---|---|---|---|---|
| 1 | | North | South | East | West |
| 2 | *Price* | 124.5 | 230.5 | 550.0 | 375.5 |
| 3 | *Quantity* | 500 | 250 | 200 | 350 |
| 4 | *Subtotal* | 62,250.0 | 57,625.0 | 110,000.0 | 131,425.0 |
| 5 | | | | | |
| 6 | *Grand Total* | 361,300.0 | | | |
| 7 | | | | | |

ပုံ (၃. ၁၄)

## ▶ Summing Second Digits in a Set of Integers

ပုံ (၃. ၁၅) မှာဖော်ပြထားတဲ့ worksheet က cell range B3:B10 မှာ integer ဂဏန်းတွေရိုက်ထည့်ထားပါတယ်။ အဲဒီဂဏန်းတွေထဲက ဒုတိယမြောက် digit တွေကိုရွေးပြီး ပေါင်းချင်ပါတယ်။ အဲဒါဆိုရင် cell C3 မှာ =VALUE(MID(B3,2,1)) formula ကို ရိုက်ထည့်ပြီး fill handle ကို drag ဆွဲချရင် cell C10 ကလွဲပြီး cell တိုင်းမှာ second digit တွေအသီးသီးပေါ်လာပါမယ်။ cell C10 မှာ error ပြနေမှာပါ။ MID function ရဲ့ format က MID(text,start_num,num_chars) ဖြစ်ပါတယ်။ VALUE function က numeric ဖြစ်အောင်ပြောင်းပေးတာပါ။ cell C10 မှာ ဂဏန်းတစ်လုံးတည်းရှိတဲ့အတွက် error ပြတာပါပဲ။




ပုံ (၃. ၁၅)

▶ အခုတစ်ခါ ပုံ (၃. ၁) က cell E10 ကို select လုပ်ပြီး {=SUM(VALUE(MID(B3:B10,2,1)))} array formula ကို enter လုပ်ရင် အဖြေမထွက်ပါဘူး။ error ပဲပြမှာပါ။ ဘာပြုလို့လဲဆိုတော့ cell 10 ကိုထည့်တွက်ထားလို့ပါ။ ဒါဆိုရင် array formula ကို အခုလို {=SUM(VALUE(MID(B3:B9,2,1)))} ပြင်ရေးရင် အဖြေမှန် 40 ကို display လုပ်ပြပါလိမ့်မယ်။ ပိုကောင်းတာက array formula မှာပဲ digit တစ်လုံးနဲ့ဂဏန်းတွေကို ဖယ်ထုတ်ခိုင်းထားရမှာပါ။ ဒါဆိုရင် calculation မှာ error ပြမှာမဟုတ်တော့ဘူး။ array formula အသစ်ကို အခုလို {=SUM(IF(LEN(B3:B10)>=2, VALUE( MID(B3:B10,2,1)), 0))} ရေးရပါမယ်။ cell range B3:B10 ထဲက ဂဏန်းတွေရဲ့အရေအတွက်ဟာ 2 သို့မဟုတ် 2 ထက်ကျော်ရင် 2nd digit ကိုထည့်ပြီးပေါင်းမယ်။ 2 ထက်ငယ်ရင် သုညပဲပေါင်းမှာပါ။ ပုံ (၃. ၁၆) ကိုကြည့်ပါ။

E10 | $f_x$ {=SUM(VALUE(MID(B3:B10,2,1)))}

| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | *Summing Second Digits in a Set of Integers* | | | | | |
| 2 | | | | | | |
| 3 | | 140 | 4 | | | |
| 4 | | 185 | 8 | | | |
| 5 | | 76 | 6 | | | |
| 6 | | 1610 | 6 | | | |
| 7 | | 3402 | 4 | | | |
| 8 | | 434 | 3 | | | |
| 9 | | 19 | 9 | | | |
| 10 | | 1 | #VALUE! | | #VALUE! | |

E10 | $f_x$ {=SUM(IF(LEN(B3:B10)>=2,VALUE(MID(B3:B10,2,1)),0))}

| | A | B | C | D | E | F | G | H |
|---|---|---|---|---|---|---|---|---|
| 1 | *Summing Second Digits in a Set of Integers* | | | | | | | |
| 2 | | | | | | | | |
| 3 | | 140 | 4 | | | | | |
| 4 | | 185 | 8 | | | | | |
| 5 | | 76 | 6 | | | | | |
| 6 | | 1610 | 6 | | | | | |
| 7 | | 3402 | 4 | | | | | |
| 8 | | 434 | 3 | | | | | |
| 9 | | 19 | 9 | | | | | |
| 10 | | 1 | #VALUE! | | 40 | | | |

ပုံ (၃. ၁၆)

## ► Averaging Prices at Least as Large as Median Price

ပုံ (၃. ၁၇) မှာဖော်ပြထားတဲ့ worksheet က Prices name အောက်မှာ price value တွေကိုရိုက်ထည့်ထားပါတယ်။ အဲဒီဂဏန်းတွေရဲ့ Median ကိုအရင်ရှာပြီး အဲဒီတန်ဖိုးထက်ကြီးမယ် သို့မဟုတ် ညီမယ်ဆိုရင် select လုပ်သွားပြီး Average တန်ဖိုးကိုတွက်ယူမှာပါ။ ဒီတော့ cell E14 ကို select လုပ်ပြီး formula bar မှာ {=MEDIAN(Prices)} array formula ရေးထည့်ရင် အဖြေက 265 ပေါ်လာပါမယ်။ ဒီတစ်ခါ

cell F14 မှာ array formula {=AVERAGE(IF(Prices>=MEDIAN(Prices),Prices," "))} ကို enter လုပ်ရင် Prices ထဲက Median ထက်ငယ်တဲ့တန်ဖိုးတွေချန်ပြီး Median ထက် >= ဖြစ်တဲ့တန်ဖိုးတွေကိုပေါင်းပြီး AVERAGE function နဲ့ average ကိုတွက်ယူမှာပါ။ အဖြေက 488.4 ရပါတယ်။




| | A | B | C | D | E | F | G | H |
|---|---|---|---|---|---|---|---|---|
| 1 | Averaging Prices at Least as Large as Median Price | | | | | | | |
| 2 | | | | | | | | |
| 3 | | | Item | Prices | Median | Average | | |
| 4 | | | #1 | 217 | | | | |
| 5 | | | #2 | 579 | | | | |
| 6 | | | #3 | 262 | | | | |
| 7 | | | #4 | 268 | | | | |
| 8 | | | #5 | 126 | | | | |
| 9 | | | #6 | 427 | | | | |
| 10 | | | #7 | 526 | | | | |
| 11 | | | #8 | 219 | | | | |
| 12 | | | #9 | 642 | | | | |
| 13 | | | #10 | 258 | | | | |
| 14 | | | | | 265 | 488.4 | | |
| 15 | | | | | | | | |

ပုံ (၃.၁၇)

## Using Array Constants

array constants ဆိုတာ number၊ text နဲ့ logical value တွေပါပဲ။ array constant တစ်ခုထဲမှာပဲ မတူတဲ့ data type တွေ ဥပမာ {1,2,3;TRUE,FALSE,FALSE} ပါဝင်နေလို့ရပါတယ်။ number တွေက integer၊ decimal၊ scientific format ကြိုက်တာဖြစ်လို့ရပါတယ်။ text ကိုတော့ double quotation marks (" ") နဲ့ ပိတ်ပေးရမှာပါ။ "Monday" ဆိုတာမျိုးပေါ့။ တစ်ခုသတိထားရမှာက array constant တွေမှာ cell reference တွေ၊ formula တွေ၊ $ ( ) % sign တွေ၊ အတိုအရှည်မတူတဲ့ columns နဲ့ row တွေပါလို့မရပါဘူး။ array constant မှန်းသိအောင် constant တွေကို braces { } တွေနဲ့ ပိတ်ပေးရပါမယ်။ 2x3 array တစ်ခုမှာ ပထမ row က value တွေဟာ 10, 20, 30 ဖြစ်ပြီး ဒုတိယ row မှာ 50,

60, 70 ဖြစ်မယ်ဆိုရင် array constant ကို {10,20,30;50,60,70} လို့ရေးရပါမယ်။ determinant တစ်ခုရဲ့တန်ဖိုးကို MDETERM function နဲ့ရှာရင် array constant ကိုအသုံးပြုရမှာပါ။

$$\begin{vmatrix} 1 & 2 & 3 \\ 4 & 5 & 6 \\ 7 & -8 & 9 \end{vmatrix}$$

$$= 1(5x9 - 6x(-8)) + 2(6x7 - 4x9) + 3(4x(-8) - 5x7)$$

$$= (45 + 48) + 2(42 - 36) + 3(-32 -35)$$

$$= -96$$

Excel မှာ အခုလိုရေးလိုက်တာနဲ့ determinant တန်ဖိုးကို -96 လို့ အဖြေထုတ်ပေးမှာပါ။ ပုံ (၃. ၁၈) ကိုကြည့်ပါ။




ပုံ (၃. ၁၈)

## Array Formulas Using Arrays of Data

ပုံ (၃. ၁၉) က worksheet column တွေမှာ Product ၊ Salesman နဲ့ Units Sold အတွက် data တွေကို ဖော်ပြထားပါတယ်။ ပစ္စည်းအမျိုးအစားတွေကို column A မှာကြည့်ပါ။ ရောင်းတဲ့လူတွေ နာမည်ကို column B မှာပြထားပါတယ်။ ဒီတော့ salesman Aye Lwin ရောင်းချရတဲ့ PC အရေအတွက်ကိုသိချင်ရင် အခုလို array formula ရေးပြီး ရှာလို့ရပါတယ်။ ကောင်းပြီ ၊ cell D2 ကို select လုပ်ပြီး formula bar မှာ =(A2="PC")*(B2="Aye Lwin")*(C2) ကို enter လုပ်ရင် 23 ရပါတယ်။ အဲဒါဘယ်လိုရလဲဆိုတော့

=(A2="PC")*(B2="Aye Lwin")*(C2) = TRUE*TRUE*23=1*1*23=23 လို့ Excel ကနေ တွက်ပြီးပေးတာပါပဲ။ cell D2 က handle ကို drag ဆွဲချရင် နောက်ထပ်အဖြေတွေ ရပါဦးမယ်။ အဲဒါတွေ ပေါင်းလိုက်ရင် salesman Aye Lwin ရောင်းချရတဲ့ PC အရေအတွက်ကိုသိရမှာပါ။ ဒီနည်းထက် အခုလို array formula ကိုရေးရင် အပြောင်းရပါတယ်။

{=SUM((A2:A11="PC")*(B2:B11="Aye Lwin")*(C2:C11))}

D13 *fx* {=SUM((A2:A11="PC")*(B2:B11="Aye Lwin")*(C2:C11))}

| | A | B | C | D | E | F | G |
|---|---|---|---|---|---|---|---|
| 1 | *Product* | *Salesman* | *Units Sold* | | | | |
| 2 | PC | Aye Lwin | 23 | 23 | | | |
| 3 | Printer | Khin Zaw | 15 | 0 | | | |
| 4 | PC | Aye Lwin | 27 | 27 | | | |
| 5 | PC | Chit Oo Ko | 14 | 0 | | | |
| 6 | Monitor | Khin Zaw | 19 | 0 | | | |
| 7 | Printer | Aye Lwin | 10 | 0 | | | |
| 8 | PC | Aye Lwin | 25 | 25 | | | |
| 9 | Printer | Chit Oo Ko | 17 | 0 | | | |
| 10 | Hard disk | Ay Lwin | 14 | 0 | | | |
| 11 | PC | Khin Zaw | 13 | 0 | | | |
| 12 | | | | | | | |
| 13 | | *No of PC sold by Aye Lwin =* | | 75 | | | |
| 14 | | | | | | | |

ပုံ (၃. ၁၉)

# ၃.၅ Creating Conditional Formulas

## ▶ Formula that Results in a Logical Value

AND ၊ OR ၊ NOT ၊ IF ၊ SUMIF ၊ COUNTIF function တွေကို operator တွေနဲ့တွဲရေးပြီး create လုပ်ထားတဲ့ formula မျိုးတွေကို conditional formulas လို့ခေါ်ပါတယ်။ ပုံ (၃. ၂၀) မှာဖော်ပြထားတဲ့ worksheet မှာ AND ၊ OR ၊ NOT function (3) ခုနဲ့ operator တွေ တွဲရေးထားတဲ့ conditional

formula တွေကနေ logical value (TRUE သို့မဟုတ် FALSE) တစ်ခုစီကို column C မှာ အဖြေထုတ်ပြထားပါတယ်။ အသုံးပြုတဲ့ formula ပုံစံကို column E မှာ အခုလိုမျိုး '=NOT(A2+A3+C1=50) ရေးပြထားတာကို သတိပြုကြည့်ပါ။



| C3 | | =NOT(A1+A2+A3=50) | | |
|---|---|---|---|---|
| | A | B | C | D | E |
| 1 | 15 | | FALSE | | =AND(A1<A2,A2<A3) |
| 2 | 9 | | TRUE | | =OR(A1<2,A2<A3) |
| 3 | 11 | | TRUE | | =NOT(A1+A2+A3=50) |
| 4 | | | | | |



ပုံ (၃. ၂၀)

## ▶ Formula that Results in Another Calculation

ဒီတစ်ခါ TRUE ၊ FALSE ကို return လုပ်ခိုင်းတာမဟုတ်ပဲ calculation result တွေကို အဖြေထုတ်ပေးတဲ့ conditional formula မျိုးကိုရေးချင်ရင် IF ၊ AND ၊ OR function (3) ခုကို operator တွေနဲ့အခုလို တွဲရေးရင်ရပါတယ်။ ပုံ (၃. ၂၁) ကိုကြည့်ပါ။ Formula bar မှာရေးပြထားတဲ့

=IF(NOT(A1+A2=24),"OK","NOT OK")

ကိုလေ့လာကြည့်ရင် IF( ) function အလုပ်လုပ်ပုံက IF function ထဲက ပထမဆုံး expression ကိုစစ်ဆေးလိုက်လို့ True ဆိုရင် ဒုတိယ argument ကို return လုပ်ပေးပါမယ်။ တစ်ကယ်လို့ False ဖြစ်ရင် နောက်ဆုံး argument ကို return လုပ်ပေးမှာပါပဲ။ အခုဥစ္စာမှာ

=IF(NOT(A1+A2=24)

=IF(NOT(15+9=24)

=IF(NOT(True)

=IF(False) ဖြစ်တဲ့အတွက် NOT OK ကို IF( ) function က return လုပ်ပေးတာပါပဲ။



| C3 | fx | =IF(NOT(A1+A2=24),"OK","NOT OK") | | |
|---|---|---|---|---|
| | A | B | C | D | E |

| | A | B | C | D | E |
|---|---|---|---|---|---|
| 1 | 15 | | NOT OK | | =IF(AND(A1<A2,A2<A3),"OK","NOT OK") |
| 2 | 9 | | OK | | =IF(OR(A1>A2,A2<A3),"OK","NOT OK") |
| 3 | 11 | | NOT OK | | =IF(NOT(A1+A2=24),"OK","NOT OK") |
| 4 | | | | | |
| 5 | | | | | |

ပုံ (၃. ၂၁)

# ၃.၆ Using the Advanced Criterias

## ▶ Using DSUM( ) Function

user ကနေသတ်မှတ်ပေးထားတဲ့ condition တွေနဲ့ match ဖြစ်တဲ့ database သို့မဟုတ် list ထဲက column တွေမှာ ဂဏန်းတွေပေါင်းထည့်တာလုပ်ပေးချင်ရင် DSUM ( ) function ကိုအသုံးပြုလို့ရပါတယ်။ DSUM function ရဲ့ syntax က

=DSUM(database,field,criteria)

ဖြစ်ပါတယ်။ database ဆိုတာ list သို့မဟုတ် database တစ်ခုကို ဖန်တီးပေးထားတဲ့ cell range ကိုရည်ညွှန်းပါတယ်။ related row information တွေကို records လို့ခေါ်ပြီး data column တွေကို fields လို့ခေါ်ပါတယ်။ column တိုင်းရဲ့ပထမ row မှာ label တွေရှိကြပါတယ်။ function ထဲက ဘယ် column ကိုအသုံးပြုတယ်ဆိုတာကို field ကနေညွှန်ပြပါတယ်။ column label ကို double quotation mark တွေနဲ့ ပိတ်ပေးလိုက်ရင် field ဖြစ်ပါတယ်။ ဥပမာ "Age" ၊ "Yield" ဆိုတာမျိုးပေါ့။ criteria ဆိုတာက user ကနေသတ်မှတ်ပေးတဲ့ condition တွေပါရှိတဲ့ cell range ကိုရည်ညွှန်းပါတယ်။ criteria argument နေရာအတွက်ဆိုရင် အနည်းဆုံး column label တစ်ခုနဲ့အတူ သူ့အောက်မှာအနည်းဆုံး cell တစ်ခုရှိဖို့လိုပါတယ်။ ပုံ (၃. ၂၂) က worksheet ကိုလေ့လာကြည့်ရင် range A4:E10 ထဲက Profit field data တွေကိုအသုံးပြုပြီး separate cell range ဖြစ်တဲ့ Tree field ထဲက Apple တွေနဲ့ပတ်သက်ပြီး profit ကိုရှာဖို့အတွက် {=DSUM(A4:E10,"Profit",A1:A2)} လို့ရေးရပါမယ်။ ဒါဆိုရင် cell A12 မှာ အဖြေ 225 ကိုရှာပြီးသွားပါပြီ။

A12 | {=DSUM(A4:E10,"Profit",A1:A2)}

| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | Tree | Height | Age | Yield | Profit | |
| 2 | Apple | >10 | | | | |
| 3 | Pear | | | | | |
| 4 | Tree | Height | Age | Yield | Profit | |
| 5 | Apple | 18 | 20 | 14 | 105 | |
| 6 | Pear | 12 | 12 | 10 | 96 | |
| 7 | Cherry | 13 | 14 | 9 | 105 | |
| 8 | Apple | 14 | 15 | 10 | 75 | |
| 9 | Pear | 9 | 8 | 8 | 78 | |
| 10 | Apple | 8 | 9 | 6 | 45 | |
| 11 | | | | | | |
| 12 | 225 | | | | | |
| 13 | | | | | | |

ပုံ (၃. ၂၂)

- ဒီတစ်ခါ worksheet မှာ Height column တစ်ခုထပ်ထည့်ပြီး row2 က Height column မှာ <16 ကို enter လုပ်ပေးပါမယ်။ အခုနေ cell A13 ကို select လုပ်ပြီး Formula bar မှာ {=DSUM(A4:E10, "Profit",A1:B2)} လို့ရေးမယ်ဆိုရင် Height>10 ဖြစ်တဲ့ Apple tree တွေရဲ့ profit စုစုပေါင်းကို 180 လို့အဖြေထုတ်ပေးပါလိမ့်မယ်။ ဒါပေမယ့် {=DSUM(A4:E10,"Profit",A1:F2)} လို့ ရေးမယ်ဆိုရင်တော့ 10<Height<16 ဖြစ်တဲ့ Apple tree တွေအတွက် profit value ကို 75 ကိုတွက်ပေးမှာပါ။ ပုံ (၃. ၂၃) ကိုကြည့်ပါ။ တစ်ကယ်လို့ row2 မှာ Apple >12 နဲ့ <16၊ row3 မှာ Pear<10 တို့ကို အသစ်ပြင်ရေးပြီး cell A12 ကို select လုပ်ပြီးတော့ Formula bar မှာ {=DSUM(A4:E10,"Profit",A3:F3)} လို့ရေးပေးမယ်ဆိုရင် Height<10 နဲ့ 12<Height<16 အမျိုးအစား Apple+Pear tree တွေအတွက် Profit စုစုပေါင်းကို cell A15 မှာအဖြေ 153 ကိုတွက်ပေးမှာပါ။



A14 | {=DSUM(A4:E10,"Profit",A1:F2)}

| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | Tree | Height | Age | Yield | Profit | Height |
| 2 | Apple | >10 | | | | <16 |
| 3 | Pear | | | | | |
| 4 | Tree | Height | Age | Yield | Profit | |
| 5 | Apple | 18 | 20 | 14 | 105 | |
| 6 | Pear | 12 | 12 | 10 | 96 | |
| 7 | Cherry | 13 | 14 | 9 | 105 | |
| 8 | Apple | 14 | 15 | 10 | 75 | |
| 9 | Pear | 9 | 8 | 8 | 78 | |
| 10 | Apple | 8 | 9 | 6 | 45 | |
| 11 | | | | | | |
| 12 | 225 | | | | | |
| 13 | 180 | | | | | |
| 14 | 75 | | | | | |
| 15 | | | | | | |

ပုံ (၃.၂၃)

Office 2010

Chapter 4

# LOGICAL AND MATH FUNCTIONS

Microsoft Excel 2010

Excel 2010 က Logical function အုပ်စုမှာ function (7) မျိုး ပါပါတယ်။ AND ၊ FALSE၊ IF ၊ IFERROR ၊ NOT ၊ OR နဲ့ TRUE တို့ဖြစ်ပါတယ်။ AND function မှာ argument တွေအားလုံး TRUE ဖြစ်ရင် TRUE ကို return လုပ်ပေးမှာပါ။ တစ်ခုခုမှားနေရင် FALSE ပဲ return လုပ်ပါတယ်။ logical test အခု 255 ခုထိ ထည့်ရေးလို့ရပါတယ်။ TRUE နဲ့ FALSE function တွေကို worksheet မှာ ဒီတိုင်းရိုက်ထည့်လို့ရပါတယ်။ OR function က argument တွေအများကြီးထဲက တစ်ခုခုပဲ TRUE ဖြစ်ဦး TRUE ကို return လုပ်ပေးပါတယ်။ argument တွေ အကုန်လုံးမှားမှ FALSE ဖြစ်မှာပါ။ argument တွေထဲမှာ logical value မပါရင် #VALUE! error ကို return လုပ်မှာပါ။ NOT function ကျတော့ function မှာပါတဲ့ argument ကို ပြောင်းပြန် effect လုပ်ပေးပါတယ်။ =NOT(FALSE) လို့ရေးရင် TRUE နဲ့အတူတူပါပဲ။ IF function က logical functions အုပ်စုထဲမှာ အသုံးဝင်ဆုံးပါပဲ။ IF function က ဥပမာ =IF(A2=100,A2+B2,"") လို့ရေးတဲ့အခါ A2=100 ဖြစ်ရင် A2 နဲ့ B2 ကိုပေါင်းနိုင်းမယ်။ မဖြစ်ရင် blank ထားပေးပါလို့ဆိုလိုပါတယ်။ IFERROR function ကိုအသုံးပြုရင် ဥပမာ =IFERROR(5/0, "Error in calculation") ကိုဖြေရှင်းခိုင်းရင် Error in calculation ဆိုတဲ့ message ကို return လုပ်ပေးမှာပါ။ cell မှာ =5/0 ရေးထည့်ရင် #DIV/0! error ပေါ်လာပါမယ်။

# ၄.၁ IF( ) Function

## ▶ Counting Words in a Single Cell

ပုံ (၄. ၁) မှာဖော်ပြထားတဲ့ worksheet က cell B3 မှာ Excel 2010 နဲ့ merged cells B4 မှာ Excel 2010 VBA Programming စာကြောင်းတွေကို type လုပ်ထားပါတယ်။ အခုနေ cell D16 မှာ =IF(LEN (B4)=0,0,LEN(TRIM(B4))-LEN(SUBSTITUTE(TRIM(B4)," ",""))+1) formula ကိုသုံးပြီး တွက်ရင် အဖြေ 4 ရပါတယ်။ ဘယ်လိုတွက်လဲဆိုတော့ LEN(TRIM(B4)) ကနေ character တွေ count လုပ်တော့ 26 ရပါတယ်။ LEN(SUBSTITUTE (TRIM (B4)," ","")) ကနေ Excel VBA Programming စာကြောင်းမှာပါတဲ့ blank တွေဖျောက်ပြီး count လုပ်တော့ 23 ရပါတယ်။ ဒီတော့ Excel 2010 VBA Programming ဆိုတဲ့စာကြောင်းမှာ word count က 26-23+1=4 ဖြစ်ရမှာပါ။ ဒီနည်းက single cell သို့မဟုတ် merged cells နှစ်မျိုးလုံးမှာ အသုံးပြုလို့ရပါတယ်။




ပုံ (၄. ၁)

## ▶ Summing Transaction

ပုံ (၂. ၃၃) မှာဖော်ပြခဲ့တဲ့ worksheet က A, B, D နဲ့ F column တွေကိုပဲချန်ပြီး ကျန်တဲ့ column တွေကို hide လုပ်ပြီး filter control drop-down arrow တွေကိုလည်းဖယ်ထားပါမယ်။ အခုနေ cell F28 ကို select လုပ်ပြီး array formula {=SUM(IF((Salesperson="Ma Aye")+(Product_sold="lip stick"),1,0)*Transaction) ကို enter လုပ်ရင် Saleperson="Ma Aye" ရောင်းရတဲ့ငွေ + lip stick ရောင်းရတဲ့ငွေစုစုပေါင်းကို cell F28 မှာ display လုပ်ပြမှာပါ။ result ကိုကြည့်လို့လွယ်ကူအောင် မလိုတဲ့ row တွေကို hide လုပ်ပြထားပါတယ်။ ပုံ (၄. ၂) ကိုကြည့်ပါ။



F28 =SUM(IF((Salesperson="Ma Aye")+(Product_sold="lip stick"),1,0)*Transaction)

| | A | B | D | F | H |
|---|---|---|---|---|---|
| 1 | Code number | Salesperson | Product sold | Transaction | |
| 3 | 2 | Ma Aye | foundation | 175.0 | |
| 4 | 3 | Mg Ko | lip stick | 80.5 | |
| 9 | 8 | Ma Aye | lip stick | 126.0 | |
| 11 | 10 | Ma Aye | lip stick | 112.0 | |
| 13 | 12 | Ma Aye | foundation | 213.5 | |
| 20 | 19 | Ma Aye | lip stick | 203.0 | |
| 21 | 20 | Mg Mg | lip stick | 143.5 | |
| 26 | 25 | Ma Aye | lip stick | 171.5 | |
| 27 | | | | | |
| 28 | | | | 1225.0 | |

ပုံ (၄. ၂)

▶ တစ်ကယ်လို့ Ma Aye တစ်ယောက်တည်းရောင်းရတဲ့ lip stick ရောင်းရငွေစုစုပေါင်းကိုတွက်ချင်ရင် array formula {=SUM(IF((Salesperson="Ma Aye")+(Product_sold="lip stick"), 1,0)*Transaction) က + အစား * ကိုပြင်ရေးပြီး တွက်ခိုင်းရင်ရပါတယ်။ array formula မှာ ကျန်တာတွေမပြောင်းပါဘူး။ ပုံ (၄. ၃) ကိုကြည့်ပါ။

F28 =SUM(IF((Salesperson="Ma Aye")*(Product_sold="lip stick"),1,0)*Transaction)

| | A | B | D | F | H |
|---|---|---|---|---|---|
| 1 | Code number | Salesperson | Product sold | Transaction | |
| 9 | 8 | Ma Aye | lip stick | 126.0 | |
| 11 | 10 | Ma Aye | lip stick | 112.0 | |
| 20 | 19 | Ma Aye | lip stick | 203.0 | |
| 26 | 25 | Ma Aye | lip stick | 171.5 | |
| 27 | | | | | |
| 28 | | | | 612.5 | |

ပုံ (၄. ၃)

## ▶ Other Useful Array Formulas

ပုံ (၄. ၄) က cell range A1:D10 အတွင်းမှာရှိတဲ့ဂဏန်းတွေထဲက >=50 ဖြစ်တဲ့ ဂဏန်းတွေကို ပေါင်းခိုင်းပါမယ်။ အဖြေကို E12 မှာထုတ်ထားပါတယ်။ array formula ကို formula bar မှာကြည့်ပါ။ ဂဏန်းတွေကိုပေါင်းတဲ့အခါ cell ထဲမှာ error ရှိနေရင် SUM function အဖြေထွက်မပေးပါဘူး။

E12 {=SUM(IF((A1:D10)>=50,A1:D10,0))}

| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | 23 | 45 | 34 | 54 | | |
| 2 | 12 | 25 | 29 | 11 | | |
| 3 | 34 | 19 | 15 | 27 | | |
| 4 | 55 | 71 | 36 | 23 | | |
| 5 | 25 | 48 | 55 | 11 | | |
| 6 | 18 | 51 | 12 | 90 | | |
| 7 | 44 | 61 | 32 | 45 | | |
| 8 | 56 | 27 | 34 | 31 | | |
| 9 | 78 | 6 | 14 | 58 | | |
| 10 | 18 | 12 | 29 | 36 | | |
| 11 | | | | | | |
| 12 | {=SUM(IF((A1:D10)>=50,A1:D10,0))} = | | | | 629 | |

ပုံ (၄. ၄)

ဒီဥစ္စာကို SUMIF function အသုံးပြုပြီးတွက်မယ်ဆိုရင် အခုလိုရေးလို့ရပါတယ်။

{=SUMIF(A1:D10,">=50")}

- ▶ တစ်ကယ်လို့ multiple criterias ကိုအသုံးပြုချင်ရင် SUM IF function နှစ်ခုကိုတွဲပြီး အခုလိုရေးလို့ရပါတယ်။

{=SUM(IF((A1:D10>=50)*(A1:D10<=70),A1:D10))}

နောက်တစ်နည်းက SUMIFS function အသုံးပြုတဲ့နည်းပါ။ သူ့ရဲ့ syntax က အခုလိုပါ။

{=SUMIFS(sum_range, criteria_range1, criteria1,
[criteria_range2, criteria2], ...)}

- ▶ ပုံ (၄. ၅) က data တွေကိုပဲအသုံးပြုပြီး cell range A1:D10 အတွင်းမှာရှိတဲ့ဂဏန်းတွေထဲက >=50 နဲ့ <=70 ဖြစ်တဲ့ဂဏန်းတွေကို SUMIFS function အသုံးပြုပြီး ပေါင်းခိုင်းကြည့်ရအောင်။ sum_ range နဲ့ criteria_range1 တို့က A1:D10 ဖြစ်မှာပါ။ criteria1 က >=50 ဖြစ်ပါမယ်။ criteria_range2 က A1:D10 ဖြစ်ပြီး criteria2 က <=70 ပါ။ array formula ကို အခုလိုရေးပါမယ်။ ပုံ (၃. ၂၁) ကိုကြည့်ပါ။

{=SUMIFS(A1:D10,A1:D10,">=50", A1:D10,"<=70")}

E12 | fx {=SUMIFS(A1:D10,A1:D10,">=50", A1:D10,"<=70")}

| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | 23 | 45 | 34 | 54 | | |
| 2 | 12 | 25 | 29 | 11 | | |
| 3 | 34 | 19 | 15 | 27 | | |
| 4 | 55 | 71 | 36 | 23 | | |
| 5 | 25 | 48 | 55 | 11 | | |
| 6 | 18 | 51 | 12 | 90 | | |
| 7 | 44 | 61 | 32 | 45 | | |
| 8 | 56 | 27 | 34 | 31 | | |
| 9 | 78 | 6 | 14 | 58 | | |
| 10 | 18 | 12 | 29 | 36 | | |
| 11 | | | | | | |
| 12 | {=SUMIFS(A1:D10,A1:D10,">=50", A1:D10,"<=70") | | | | 390 | |

ပုံ (၄. ၅)

ပုံ (၄. ၅) မှာမြင်နေရတဲ့ highlighted cell အရေအတွက်ကို ရေတွက်ချင်ရင် COUNTIFS function ကိုအသုံးပြုရမှာပါ။

{=COUNTIFS(A1:D10,">=50",A1:D10,"<=70")}

လို့ရေးတာနဲ့ အဖြေက 7 ရပါတယ်။

▶ ပုံ (၄. ၆) မှာပြထားတဲ့ worksheet က data တွေမှာ သုညတွေပါလာလို့ ဖယ်ထုတ်ပြီး average ရှာချင်ရင် အခုလိုရေးပါ။

{=AVERAGE(IF(A1:D10<>0,A1:D10,FALSE))}

ဒါဆိုရင် 0 တွေကိုချန်ပြီး 1195/33=36.21 လို့ တွက်ပေးမှာပါ။

နောက်တစ်ခု cell range တစ်ခုမှာ နာမည်တွေရေးထားရင် အရှည်ဆုံးနာမည်ကို ဆွဲထုတ်ပေးချင်ရင် ဥပမာ cell range A1:A5 မှာ {U Aung Myint, ZarNi Aung, Arkar Aung, U Sein Win Aung, Aye Lwin} တို့ရှိနေရင်

{=OFFSET(A1,MATCH(MAX(LEN(A1:A5)),LEN(A1:A5),0)-1,0,1,1) }

လို့ရေးတာနဲ့ U Sein Win Aung ကို ဆွဲထုတ်ပေးမှာပါပဲ။

E12 | fx {=AVERAGE(IF(A1:D10<>0,A1:D10,FALSE))}

| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | 23 | 45 | 34 | 54 | | |
| 2 | 0 | 25 | 29 | 11 | | |
| 3 | 34 | 19 | 15 | 27 | | |
| 4 | 55 | 71 | 0 | 23 | | |
| 5 | 25 | 0 | 55 | 11 | | |
| 6 | 18 | 51 | 12 | 90 | | |
| 7 | 0 | 61 | 0 | 45 | | |
| 8 | 56 | 27 | 34 | 0 | | |
| 9 | 78 | 0 | 14 | 58 | | |
| 10 | 18 | 12 | 29 | 36 | | |
| 11 | | | | | | |
| 12 | {=AVERAGE(IF(A1:D10<>0,A1:D10,FALSE))} | | | | 36.21 | |

ပုံ (၄. ၆)

## ▶ Nested IF( ) Function

ပုံ (၄.၇) မှာရေးပြထားတဲ့ formula ကိုကြည့်ရင် column A မှာ ကျောင်းသားတွေရဲ့ရမှတ်တွေကို enter လုပ်ထားပါတယ်။ ရမှတ်တွေကို grade အဖြစ်ပြောင်းဖို့အတွက် အုပ်စုခွဲထားပုံက အခုလိုပါ။

| | |
|---|---|
| Score greater than 89 | A |
| Score from 80 to 89 | A- |
| Score from 70 to 79 | B |
| Score from 60 to 69 | B- |
| Score less than 60 | C |




ပုံ (၄.၇)

## ▶ Quantity Discount

ပုံ (၄.၈) မှာရေးပြထားတဲ့ formula ကိုကြည့်ရင် order မှာ အရေအအတွက်ပေါ်မူတည်ပြီး discount ပေးတာကိုတွက်တဲ့ worksheet တစ်ခုပါ။ လိုအပ်တဲ့ condition တွေက အောက်ပါအတိုင်းဖြစ်ပါတယ်။ ဖြစ်ပြောင်းဖို့အတွက် အုပ်စုခွဲထားပုံက အခုလိုပါ။

If A9<= cut1, cost = price1*A9

If A9 <= cut2, cost = price2*A9

If A9 <= cut3, cost = price3*A9

If A9 > cut4, cost = price4*A9

cut1 = 500၊ cut2 = 1200၊ cut3 = 2000 ဖြစ်ပြီး price1 = 3၊ price2 = 2.7၊ price3 = 2.3 နဲ့ price4 = 2 ဖြစ်ပါတယ်။ အသုံးပြုတဲ့ formula က

```
=IF(A9<=cut1_ , price1*A9, IF(A9<=cut2_ , price2*A9,
   IF(A9<=cut3_ , price3*A9, price4*A9)))
```

B9 | fx =IF(A9<=cut1_,price1*A9,IF(A9<=cut2_,price2*A9, IF(A9<=cut3_,price3*A9,price4*A9)))

| | A | B | C | D | E | F | G |
|---|---|---|---|---|---|---|---|
| 1 | *Quantity Discount* | | | | | | |
| 2 | | cutoff | price | | | | |
| 3 | cut1 | 500 | $3.00 | price1 | | | |
| 4 | cut2 | 1200 | $2.70 | price2 | | | |
| 5 | cut3 | 2000 | $2.30 | price3 | | | |
| 6 | | | $2.00 | price4 | | | |
| 7 | | | | | | | |
| 8 | Order quantity | Cost | per unit cost | | | | |
| 9 | 450 | $1,350 | $3.0 | | | | |
| 10 | 1900 | $4,370 | $2.3 | | | | |
| 11 | 1450 | $3,335 | $2.3 | | | | |
| 12 | 2100 | $4,200 | $2.0 | | | | |
| 13 | 700 | $1,890 | $2.7 | | | | |

ပုံ (၄.၈)

# ၄.၂ NOT( ) Function

## ▶ Reversing a Number

အခုတင်ပြမယ့် worksheet ဟာ ကိန်းပြည့်ဂဏန်းတစ်လုံးကို ပြောင်းပြန်အစီအစဉ်အတိုင်းဖြစ်အောင် ပြန်စီပေးပါတယ်။ reverse လုပ်နည်းကို pseudo code နဲ့ရေးမယ်ဆိုရင် အခုလိုရေးရမှာပါ။

```
INPUT num
q = INT(num/10)
rev= MOD(num,10)
```

```
IF q <> 0
        num = Q;
        q = INT(num/10)
        r = MOD(num,10)
        rev = rev*10+r
ELSE
        PRINT "STOP"
END
```

ကောင်းပြီ ၊ merged cells A1:E1 မှာခေါင်းစဉ်နဲ့ cells B3 ၊ C3 ၊ D3 ၊ E3 တို့မှာ num ၊ q ၊ r နဲ့ rev တို့ကိုရိုက်ထည့်ပါမယ်။ နောက်ပြီး cell B4 မှာ 123456789 ကိုရိုက်ထည့်ပြီး reverse လုပ်ကြည့်ရအောင်။ cell C4 ကို select လုပ်ပြီး formula bar မှာ =INT(B4/10) ကို enter လုပ်ရင် =INT(123456789/10)=12345678 ပေါ်လာပါမယ်။ ဒီတစ်ခါ cell E4 ကို select လုပ်ပြီး formula bar မှာ =MOD(B4,10) ကို enter လုပ်ရင် =MOD(123456789,10) = 9 ကိုတွက်ပေးမှာဖြစ်ပါတယ်။ ပုံ (၄.၉) ကိုကြည့်ပါ။




ပုံ (၄.၉)

▶ ဒီတစ်ခါ IF-THEN-ELSE block ထဲဝင်ဖို့အတွက် cell B5 ကို select လုပ်ပြီး =IF(NOT(C4=0), C4, "STOP") ကို enter လုပ်ရင် =IF(NOT(12345678=0) နဲ့စစ်ကြည့်ပြီး TRUE ဖြစ်တဲ့အတွက် cell C4 content ကို cell B5 မှာပြောင်းထည့်ပေးမှာပါ။ အခုဟာ block IF ထဲမှာပဲရှိပါသေးတယ်။ cell C5 ကို select လုပ်ပြီး =INT(B5/10) ကို enter လုပ်ရင် =INT(12345678/10=1234567 ကို cell C5 မှာတွက်ထည့်ပေးမှာပါ။ ဒီတစ်ခါ cell D5 ကို select လုပ်ပြီး =MOD(B5,10) ကို enter လုပ်ရင် Excel ကနေ =MOD(12345678,10)=8 ကို တွက်ပေးပြီး cell D5 မှာထည့်ပေးမှာပါ။ အခုဟာ block IF ထဲက နောက်ဆုံး statement ကိုဖြေရှင်းရမှာဖြစ်ပါတယ်။ cell E5 ကို select လုပ်ပြီး formula bar မှာ =E4*10+D5 ကို enter လုပ်ရင် =9*10+8 = 98 ကိုတွက်ပေးပြီး cell D5 မှာထည့်ပေးမှာဖြစ်ပါတယ်။ ပုံ (၄.၁၀) ကိုကြည့်ပါ။ ဒါဟာဆိုရင် IF-THEN-ELSE block ထဲမှာ တစ်ကြိမ်ပတ်ပြီးသွားပါပြီ။

E5 | $f_x$ | =E4*10+D5

| | A | B | C | D | E |
|---|---|---|---|---|---|
| 1 | *Reversing a Number* | | | | |
| 2 | | | | | |
| 3 | | ***num*** | ***q*** | ***r*** | ***rev*** |
| 4 | | 123456789 | 12345678 | | 9 |
| 5 | | 12345678 | 1234567 | 8 | 98 |
| 6 | | | | | |

ပုံ (၄. ၁၀)

▶ နောက်တစ်ကြိမ် ထပ်ပတ်မယ်ဆိုရင် num ၊ q ၊ r ၊ rev value တွေက သိပြီးသားဖြစ်နေပြီမို့ cell range B5:E5 က fill handle ကို drag ဆွဲတာနဲ့ B6:E6 မှာ တွက်ပြီးသားအဖြေ တန်းပေါ်နေပါပြီ။ ဒီနည်းအတိုင်း B6:E6 က fill handle ကို drag ဆွဲချလာမယ်ဆိုရင် တစ်ချိန်မှာ STOP စာလုံးက column B ထဲမှာ ပေါ်လာမှာပါ။ အဖြေရပြီ ၊ ရပ်လို့သတိပေးတာပါပဲ။ STOP နောက်မှာပေါ်နေတဲ့ #VALUE! တွေက အမှားမဟုတ်ပါဘူး ၊ ဆက်တွက်လို့မရလို့ error ပြတာပါ။ အဖြေကို STOP row အပေါ် rev column အောက်ဆုံးနေရာက cell မှာပြနေပါပြီ။ ပုံ (၄. ၁၁) ကိုကြည့်ပါ။

| | A | B | C | D | E |
|---|---|---|---|---|---|
| 1 | *Reversing a Number* | | | | |
| 2 | | | | | |
| 3 | | ***num*** | ***q*** | ***r*** | ***rev*** |
| 4 | | 123456789 | 12345678 | | 9 |
| 5 | | 12345678 | 1234567 | 8 | 98 |
| 6 | | 1234567 | 123456 | 7 | 987 |
| 7 | | 123456 | 12345 | 6 | 9876 |
| 8 | | 12345 | 1234 | 5 | 98765 |
| 9 | | 1234 | 123 | 4 | 987654 |
| 10 | | 123 | 12 | 3 | 9876543 |
| 11 | | 12 | 1 | 2 | 98765432 |
| 12 | | 1 | 0 | 1 | 987654321 |
| 13 | | STOP | #VALUE! | #VALUE! | #VALUE! |

ပုံ (၄. ၁၀)

# ၄.၃ AND( ) Function

## ▶ The Area of a Triangle

AND နဲ့ IF function တွေကိုအသုံးပြုပြီး တြိဂံတစ်ခုရဲ့ area ကိုရှာမယ်ဆိုရင် ပေးထားတဲ့အနားသုံးဘက်ကနေ တြိဂံဖြစ်မဖြစ်ကို အရင်စစ်ရပါမယ်။ ဖြစ်တယ်ဆိုရင် တြိဂံ area ကိုတွက်ပါမယ်။ မဖြစ်ဘူးဆိုရင် ERROR ဆိုတဲ့ message ကိုပေါ်ပေးမှာပါ။ ဒီပုစ္ဆာကို pseudocode နဲ့ရေးမယ်ဆိုရင် အခုလိုရေးရမှာပါ။

```
IF (a+b>c AND b+c>a AND c+a>b) THEN
        s = (a+b+c)/2
        area= SQRT(s*(s-a)*(s-b)*(s-c))
ELSE
        PRINT "ERROR"
END IF
```

a ၊ b ၊ c တို့ဟာ တြိဂံရဲ့ အနားသုံးဘက်အရှည်တွေဖြစ်ရင် cell range B3:C6 ကို select လုပ်ပြီး Create from selection ကနေ define name လုပ်ပါမယ်။ a ၊ b ၊ c_ ၊ s တို့ဖြစ်ပါတယ်။ ကောင်းပြီ ၊ a=34၊ b=24 နဲ့ c_=55 ကိုရိုက်ထည့်ပါမယ်။ cell C6 ကို select လုပ်ပြီး s အတွက် formula ကို formula bar မှာ enter လုပ်ပါမယ်။ ပုံ (၄. ၁၂) ကိုကြည့်ပါ။ IF(AND(34+24>55,24+55>34,55+34>24) ဟာ TRUE ဖြစ်တဲ့အတွက် cell C6 မှာ 56.5 ကိုတွက်ပေးမှာပါ။ နောက်ပြီး cell C7 မှာ area ရှာတဲ့ formula ကိုရိုက်ထည့်ရင် အဖြေ 248.9 ကိုရပါမယ်။ c_=65 ဖြစ်သွားရင် ERROR လို့ပေါ်လာမှာပါပဲ။




ပုံ (၄. ၁၂)

# ၄.၄ OR( ) Function

## ▶ Use OR Function in stead of AND Function

ရှေ့ပိုင်းမှာ AND function အသုံးပြုပြီး တြိဂံတစ်ခုရဲ့ area ရှာတာကို OR function အသုံးပြုပြီး အခုလို တွက်လို့ရပါတယ်။ ဒီပုစ္ဆာကို program သဘောနဲ့ရေးမယ်ဆိုရင် အခုလိုရေးရမှာပါ။

```
IF (a+b<c  OR b+c<a  OR  c+a<b) THEN
      PRINT "ERROR"
ELSE
      s = (a+b+c)/2
      area= SQRT(s*(s-a)*(s-b)*(s-c))
END IF
```

worksheet က cell C6 မှာ formula ကို =IF(OR(s+b<c_, b+c_<a, c_+a<b), "ERROR", (a+b+c_)/2) လို့ပြောင်းရေးရင်ရပါတယ်။ ဥပမာ cell C5 မှာ 12 ကို data ပြောင်းထည့်ရင် တြိဂံမဖြစ်တော့ပါဘူး။ အဲဒီအတွက် cell C6 မှာ ERROR ဆိုတဲ့စာလုံး ပေါ်လာပါမယ်။ Excel က ဆက်တွက်လို့မရတော့ cell C7 မှာလည်း #VALUE! ဆိုတဲ့ error message ထပ်ပေါ်ဦးမှာပါ။

# ၄.၅ Nested IF( ) Function

## ▶ Exam Result

nested IF function ကိုအသုံးပြုပြီး exam result တစ်ခုကို ထုတ်ပေးတဲ့ Excel worsheet တစ်ခုကို create လုပ်မယ်ဆိုရင် နမူနာအနေနဲ့ အောက်ဖော်ပြပါ criteria တွေကို အသုံးပြုကြည့်ရအောင်။

No moderation: **if** (one subject<30 marks) **FAILED**

No moderation: **if** (30 marks<two subjects each<40 marks) **FAILED**

No moderation: **if** (30 marks<one subject<40 marks **and** total marks<200) **FAILED**

Moderation: **if** (30 marks<one subject<40 marks **and** total marks>200) **PASSED** or **Blank**

Credit: **if** (all subjects each>40 marks **and** total marks>350) **CREDIT**

Distinctions: **if** (Myanmar marks>=75) **MYAN**
**if** (English marks>=75) **ENG**
**if** (Math marks >= 80) **MATH**
**if** (Physics marks >= 75) **PHY**
**if** (Chemistry marks >=75) **CHEM**

▶ ဒီပုစ္ဆာကိုဖြေရှင်းဖို့အတွက် ပထမဆုံးလုပ်ရမှာက ကျောင်းသား (9) ယောက်ရဲ့ အမှတ်စာရင်းကို စိတ်ကူးနဲ့ရေးထည့်ပြီး စမ်းသပ်ကြည့်ပါမယ်။ ပုံ (၄.၁၀) မှာပြထားတဲ့အတိုင်း ကျောင်းသား (9) ယောက်ရဲ့အမှတ်စာရင်းကို ရေးထားပြီးပါပြီ။ ကျောင်းသား (9) ယောက်ထဲဆိုတော့ ဘယ်သူဘယ်ဝါတွေ ဂုဏ်ထူးရလဲဆိုတာကို တန်းပြောနိုင်ပါတယ်။ ဘယ်သူတွေကျနိုင်တယ်ဆိုတာကိုလည်း ပြောနိုင်ပါတယ်၊ လူနည်းတာကိုး။ ဒါပေမယ့် ကျောင်းသားအရေအတွက် ရာချီထောင်ချီရှိလာဆိုရင် စောစောကလို လွယ်မှာမဟုတ်တော့ပါဘူး။ ဒီပြဿနာကို Excel ကနေ လွယ်လွယ်လေး ဖြေရှင်းနိုင်ပါတယ်။ ကျနေတဲ့လူတွေကိုလည်း moderation နဲ့အောင်အောင် လုပ်ပေးနိုင်ပါတယ်။ ကောင်းပြီ ၊ အဲဒီ Excel worksheet မျိုးကိုဘယ်လိုရေးမလဲ။ ပုံ (၄.၁၃) က worksheet မှာ cell range B2:G10 ကို select လုပ်ပြီး Home tab ပေါ်က Sum button ကို click လုပ်ပါမယ်။

| | A | B | C | D | E | F | G |
|---|---|---|---|---|---|---|---|
| 1 | | MYAN | ENG | MATH | PHY | CHEM | TOTAL |
| 2 | MG MG | 45 | 50 | 25 | 65 | 54 | |
| 3 | MG BA | 50 | 35 | 55 | 32 | 60 | |
| 4 | MG HLA | 42 | 32 | 42 | 44 | 43 | |
| 5 | MG KO | 45 | 35 | 56 | 73 | 64 | |
| 6 | MG GYI | 85 | 56 | 74 | 80 | 76 | |
| 7 | MOE MOE | 76 | 80 | 100 | 65 | 76 | |
| 8 | SOE SOE | 54 | 36 | 67 | 65 | 70 | |
| 9 | YI YI | 65 | 76 | 27 | 54 | 66 | |
| 10 | MI MI | 55 | 72 | 42 | 76 | 54 | |
| 11 | | | | | | | |

ပုံ (၄.၁၃)

| | | |
|---|---|---|
| Moderation: | **if** (30 marks<one subject<40 marks **and** total marks>200) **PASSED** | or **Blank** |
| Credit: | **if** (all subjects each>40 marks **and** total marks>350) **CREDIT** | |
| Distinctions: | **if** (Myanmar marks>=75) **MYAN** | |
| | **if** (English marks>=75) **ENG** | |
| | **if** (Math marks >= 80) **MATH** | |
| | **if** (Physics marks >= 75) **PHY** | |
| | **if** (Chemistry marks >=75) **CHEM** | |

▶ ဒီပုစ္ဆာကိုဖြေရှင်းဖို့အတွက် ပထမဆုံးလုပ်ရမှာက ကျောင်းသား (9) ယောက်ရဲ့ အမှတ်စာရင်းကို စိတ်ကူးနဲ့ရေးထည့်ပြီး စမ်းသပ်ကြည့်ပါမယ်။ ပုံ (၄. ၁၀) မှာပြထားတဲ့အတိုင်း ကျောင်းသား (9) ယောက်ရဲ့အမှတ်စာရင်းကို ရေးထားပြီးပါပြီ။ ကျောင်းသား (9) ယောက်ထဲဆိုတော့ ဘယ်သူဘယ်ဝါတွေ ဂုဏ်ထူးရလဲဆိုတာကို တန်းပြောနိုင်ပါတယ်။ ဘယ်သူတွေကျနိုင်တယ်ဆိုတာကိုလည်း ပြောနိုင်ပါတယ်၊ လူနည်းတာကိုး။ ဒါပေမယ့် ကျောင်းသားအရေအတွက် ရာချီထောင်ချီရှိလာဆိုရင် စောစောကလို လွယ်မှာမဟုတ်တော့ပါဘူး။ ဒီပြဿနာကို Excel ကနေ လွယ်လွယ်လေး ဖြေရှင်းနိုင်ပါတယ်။ ကျနေတဲ့လူတွေကိုလည်း moderation နဲ့အောင်အောင် လုပ်ပေးနိုင်ပါတယ်။ ကောင်းပြီ ၊ အဲဒီ Excel worksheet မျိုးကိုဘယ်လိုရေးမလဲ။ ပုံ (၄. ၁၃) က worksheet မှာ cell range B2:G10 ကို select လုပ်ပြီး Home tab ပေါ်က Sum button ကို click လုပ်ပါမယ်။

| | A | B | C | D | E | F | G |
|---|---|---|---|---|---|---|---|
| 1 | | MYAN | ENG | MATH | PHY | CHEM | TOTAL |
| 2 | MG MG | 45 | 50 | 25 | 65 | 54 | |
| 3 | MG BA | 50 | 35 | 55 | 32 | 60 | |
| 4 | MG HLA | 42 | 32 | 42 | 44 | 43 | |
| 5 | MG KO | 45 | 35 | 56 | 73 | 64 | |
| 6 | MG GYI | 85 | 56 | 74 | 80 | 76 | |
| 7 | MOE MOE | 76 | 80 | 100 | 65 | 76 | |
| 8 | SOE SOE | 54 | 36 | 67 | 65 | 70 | |
| 9 | YI YI | 65 | 76 | 27 | 54 | 66 | |
| 10 | MI MI | 55 | 72 | 42 | 76 | 54 | |
| 11 | | | | | | | |

ပုံ (၄. ၁၃)

- ဒါဆိုရင် ပုံ (၄. ၁၄) မှာပြထားတဲ့အတိုင်း ကျောင်းသားအားလုံးရဲ့ တစ်ဦးချင်းရမှတ်စုစုပေါင်းဟာ coloumn G မှာ တန်းစီပေါ်လာပါပြီ။ cell H2 မှာ formula တစ်ခုရေးပါမယ်။ ဒီ formula မှာ IF function ကို အသုံးပြုပြီး cell B2 က မြန်မာစာရမှတ်ဟာ 75 မှတ်နဲ့ညီမယ်ဆိုရင် သို့မဟုတ် ကျော်မယ်ဆိုရင် cell H2 မှာ (MYAN) ဆိုတဲ့အချက်ပြစာလုံး ပေါ်ခိုင်းပါမယ်။ မြန်မာစာဂုဏ်ထူးရတယ်လို့ ကွန်ပျူတာက အသိပေးတာပါ။ မရရင် ဘာမှမပြောဘူးပေ့ါ။ ဒီဥစ္စာကိုရေးတဲ့ formula ကတော့ =IF(B2>=75,"(MYAN)","") ဖြစ်ပါတယ်။

H2 =IF(B2>=75,"(MYAN)","")

| | A | B | C | D | E | F | G | H |
|---|---|---|---|---|---|---|---|---|
| 1 | | MYAN | ENG | MATH | PHY | CHEM | TOTAL | |
| 2 | MG MG | 45 | 50 | 25 | 65 | 54 | 239 | |
| 3 | MG BA | 50 | 35 | 55 | 32 | 60 | 232 | |
| 4 | MG HLA | 42 | 32 | 42 | 44 | 43 | 203 | |
| 5 | MG KO | 45 | 35 | 56 | 73 | 64 | 273 | |
| 6 | MG GYI | 85 | 56 | 74 | 80 | 76 | 371 | |
| 7 | MOE MOE | 76 | 80 | 100 | 65 | 76 | 397 | |
| 8 | SOE SOE | 54 | 36 | 67 | 65 | 70 | 292 | |
| 9 | YI YI | 65 | 76 | 27 | 54 | 66 | 288 | |
| 10 | MI MI | 55 | 72 | 42 | 76 | 54 | 299 | |
| 11 | | | | | | | | |

ပုံ (၄. ၁၄)

- ဒီနည်းအတိုင်း cell I2 မှာ =IF(C2>=75,"(ENG)","")၊ cell J2 မှာ =IF(D2>=80,"(MATH)","")၊ cell K2 မှာ =IF(E2>=75,"(PHY)", "") နဲ့ cell L2 မှာ =IF(F2>=75,"(CHEM)","") ကိုရေးပြီး Enter နှိပ်ပါ။ cell range H2:L2 ကို ဘယ်ဘက်ကနေ ညာဘက် cell L10 ဆီ Fill handle ကို drag ဆွဲပြီးချပါမယ်။ ဒါဆိုရင် ပုံ (၄. ၁၅) မှာပြထားတဲ့အတိုင်း ကျောင်းသား (9) ယောက်မှာ ဘယ်သူဘယ်ဝါတွေ ဂုဏ်ထူးရလဲဆိုတာကို Excel ကနေ အဖြေထုတ်ပေးလိုက်ပါပြီ။ ဟုတ်မဟုတ် check လုပ်ကြည့်ပါ။

- ဒီတစ်ခါက exam moderation လုပ်မယ့်အပိုင်းပါပဲ။ cell M2 မှာ formula တစ်ခုရေးပြီး တစ်တန်းလုံးအတွက် moderation ပုံစံကိုချလို့ရပါတယ်။ ဒီပုံစံဟာ တစ်တန်းလုံးတင်မဟုတ်ဘူး။ ကျောင်းတိုင်းမှာသုံးလို့ရတယ်ဆိုရင် ပိုမကောင်းဘူးလား။ formula ကို အစကနေ တစ်ပိုင်းချင်း လေ့လာကြည့်ရအောင်။ ပုံ (၄. ၁၆) ကိုကြည့်ပါ။ ဒီ formula မှာ **=IF(COUNTIF(B2:F2,"<30")>=1,"FAILED",** လို့ရေးတာ ဘာလဲ ဆိုတော့ cell range B2:F2 မှာ အမှတ် (30) ထက်နည်းပြီးရတဲ့ ဘာသာတွေရှိရင် ဘယ်နှစ်ခုပါလဲလို့

| | A | G | H | I | J | K | L |
|---|---|---|---|---|---|---|---|
| 1 | | TOTAL | | | | | |
| 2 | MG MG | 239 | | | | | |
| 3 | MG BA | 232 | | | | | |
| 4 | MG HLA | 203 | | | | | |
| 5 | MG KO | 273 | | | | | |
| 6 | MG GYI | 371 | (MYAN) | | | (PHY) | (CHEM) |
| 7 | MOE MOE | 397 | (MYAN) | (ENG) | (MATH) | | (CHEM) |
| 8 | SOE SOE | 292 | | | | | |
| 9 | YI YI | 288 | | (ENG) | | | |
| 10 | MI MI | 299 | | | | (PHY) | |

ပုံ ၄. ၁၅)

COUNTIF function နဲ့ရေခိုင်းပြီး အနည်းဆုံးတစ်ဘာသာပါနေရင်တောင် cell M2 မှာ FAILED လို့ ကြေငြာပေးပါလို့ ရေးထားတာပါ။ ဒီ argument ဟာ FALSE ဆိုရင် FAILED နောက်မှာ ဆက်ရေးထားတဲ့ formula ကိုဆက်စစ်မှာပါ။ ဒီ **IF(COUNTIF(B2:F2,"<40")>=2, "FAILED",** ရဲ့ အဓိပ္ပါယ်က

M2 =IF(COUNTIF(B2:F2,"<30")>=1,"FAILED",
IF(COUNTIF(B2:F2,"<40")>=2,"FAILED",
IF(G2<200,"FAILED",IF(G2>=350,"CREDIT",""))))

| | A | B | C | D | E | F | G | M |
|---|---|---|---|---|---|---|---|---|
| 1 | | MYAN | ENG | MATH | PHY | CHEM | TOTAL | |
| 2 | MG MG | 45 | 50 | 25 | 65 | 54 | 239 | FAILED |
| 3 | MG BA | 50 | 35 | 55 | 32 | 60 | 232 | FAILED |
| 4 | MG HLA | 42 | 32 | 42 | 44 | 43 | 203 | |
| 5 | MG KO | 45 | 35 | 56 | 73 | 64 | 273 | |
| 6 | MG GYI | 85 | 56 | 74 | 80 | 76 | 371 | CREDIT |
| 7 | MOE MOE | 76 | 80 | 100 | 65 | 76 | 397 | CREDIT |
| 8 | SOE SOE | 54 | 36 | 67 | 65 | 70 | 292 | |
| 9 | YI YI | 65 | 76 | 27 | 54 | 66 | 288 | FAILED |
| 10 | MI MI | 55 | 72 | 42 | 76 | 54 | 299 | |
| 11 | | | | | | | | |
| 12 | | | | | | | | |

ပုံ (၄. ၁၆)

cell range B2:F2 ထဲမှာ အမှတ် 40 ထက်နည်းပြီး (ဒါပေမယ့် အမှတ် 30 ထက်တော့ကျော်တယ်နော်) ရတဲ့ဘာသာတွေပါရင် ဘယ်နှစ်ခုပါလဲလို့ ရေတွက်ခိုင်းပြီး အနည်းဆုံးနှစ်ဘာသာပါနေရင် moderation မဝင်တော့ပါဘူး။ FAILED လို့ ကြေငြာရမယ်ဆိုတာ IF function ကသိပါတယ်။ argument က မမှန်ဘူးဆိုရင် နောက်မှာဆက်ရေးထားတဲ့ formula နဲ့ ဆက်စစ်ကြည့်ပါဦးမယ်။ ဒီ **IF(G2<200,"FAILED",** formula မှာ သူ့ရှေ့က argument တွေမမှန်ဘူးဆိုရင် တတိယအဆင့်မှာ တစ်ဘာသာတည်းကျတယ်လို့ Excel က သိနေပါပြီ။ တစ်ဘာသာကျတဲ့ကျောင်းသားဟာ Total marks 200 ထက် မကျော်ဘူးဆိုရင် moderation မပါနိုင်သေးပါဘူး။ FAILED ပါပဲ။ argument က FALSE ဆိုရင် နောက်မှာဆက်ရေးထားတဲ့ formula နဲ့ ဆက်စစ်ရဦးမှာဖြစ်ပါတယ်။ **IF(G2>=350,"CREDIT"," "))))** formula က နောက်ဆုံးအဆင့်ပါပဲ။ ဒီအဆင့်ထိရောက်လာတဲ့ကျောင်းသားဟာ တစ်ဘာသာကျတောင် အမှတ်ပေါင်းက (200) ကျော်တဲ့အတွက် moderation နဲ့အောင်သွားပါပြီ။ အမှတ်ပေါင်းဟာ 350 ထက်ကျော်မယ်ဆိုရင် ဒီကျောင်းသားဟာ CREDIT ရမှာပါပဲ။ cell M2 ကနေ cell M10 ထိ drag ဆွဲချလိုက်ရင် စာမေးပွဲအောင်စာရင်းကို ပုံမှာပြထားတဲ့အတိုင်းတွေ့ရမှာပါ။ ဒီ worksheet ဟာ Exam Result အကြမ်းထည်တော့ရသွားပါပြီ။

- ဒီတစ်ခါ ကျောင်းသားတွေကို အမှတ်အနည်းအများအလိုက် စီပေးကြည့်ရအောင်။ အမှတ်အများဆုံးရတဲ့လူက အပေါ်ဆုံးကပေါ့။ cell N2 မှာ ဒီ formula **=TEXT(G2:G10,"###)** ကို အရင်ရေးထည့်ပါ။ ရေးပြီးသွားရင် ENTER key နှိပ်ပါ။ ဒီ formula ရဲ့ ရည်ရွယ်ချက်က cell range G2:G10 ထဲမှာပါတဲ့ Total mark တွေကို text ဖြစ်အောင်ပြောင်းခိုင်းတာဖြစ်ပါတယ်။ ပုံ (၄. ၁၈) ကိုကြည့်ပါ။

N2 =TEXT(G2:G10,"###")

| | B | C | D | E | F | G | M | N |
|---|---|---|---|---|---|---|---|---|
| 1 | MYAN | ENG | MATH | PHY | CHEM | TOTAL | | |
